# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၁၁) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) မတူပီမြို့တွင် 66 KV မဟာဓာတ်အားလိုင်း သွယ်တန်းပေးရေး အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | (ခ) လေရှီးမြို့နယ်ရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် နန်ဝန်ချောင်းနှင့် နန်းသလက်ချောင်းများတွင် အသေးစားနှင့်အလတ်စား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | (ဂ) နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | (ဃ) ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် မုန်းမြို့၌ 33/11 KV, 3MVA ဓာတ်အားခွဲရုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် N.E.P စီမံချက်အတိုင်း လုပ်ဆောင်နိုင်ခြင်း ရှိ/မရှိ တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | (င) ရေနံချောင်းမြို့ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စက်မှုဇုန်တည်ရှိနေခြင်းကြောင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ပြည့်ဝစေရန် 66 KV ဓာတ်အားလိုင်းနှင့် 66 KV ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၁၁ | ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ဆွေးနွေးခြင်း | ၂၀ |

| | | |
|---|---|---|
| ၁၂ | ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၂၅ |
| ၁၃ | ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၄၅ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၃ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး**

**(၁၁)ရက်မြောက်နေ့ အစီအစဉ်**

**[ ၈–၆–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့တွင် 66 KV မဟာဓါတ်အားလိုင်း သွယ်တန်းပေးရေး အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီးမြို့နယ်ရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် နန်ဝန်ချောင်းနှင့် နန်းသလက်ချောင်းများတွင် အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်တင်လင်း၊ နတ်မောက် မဲဆန္ဒနယ်၏ **နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာအနီးတွင် (၆၆/၁၁) ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမြင့်ငွေ၊ ကျောက်ကြီး မဲဆန္ဒနယ်၏ **ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီး မြို့နယ်၊ မုန်းမြို့၌ 33/11 K.V, 3 MVA ဓါတ်အားခွဲရုံအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် N.E.P စီမံချက် အတိုင်း လုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိတို့ကို သိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသာချို (ခ) ဦးတင်ကြိုင်၊ ရေနံချောင်း မဲဆန္ဒနယ်၏ **ရေနံချောင်းမြို့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စက်မှုဇုန်တည်ရှိနေခြင်းကြောင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ပြည့်ဝစေရန် 66KV ဓာတ်အားလိုင်းနှင့် 66KV ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်းက ဆွေးနွေးခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၉။ ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်က တင်သွင်းသည့် **"ပြည်တွင်း၌ ထုတ်လုပ် နေသော ယူရီးယား ဓာတ်မြေဩဇာများအား အရည်အသွေးကို ထိန်းသိမ်း နိုင်ရန် စနစ်တကျထုပ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသော**

**ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုးအောင်နိုင်၊ ကျုံပျော် မဲဆန္ဒနယ်၊

(ခ) ဦးအောင်မြင့်ရှိန်၊ မဘိမ်း မဲဆန္ဒနယ်၊

(ဂ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(ဃ) ဦးအောင်တင်လင်း၊ နတ်မောက် မဲဆန္ဒနယ်၊

(င) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၊

(စ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၊

(ဆ) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၊

(ဇ) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## (၁၁) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၇၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၇၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၂ ရက်၊

(၂) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၁ ရက်၊

(၃) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၁ ရက်၊

(၄) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၂ ရက်၊

(၅) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၁ ရက်၊

(၆) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့်၁ ရက်၊

(၇) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၈) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၉) ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း ခွင့် ၂ ရက်၊

(၁၀) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၁၁) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၁၂) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၁၃) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၁ ရက်၊

(၁၄) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၁၅) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၁၆) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၁၇) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၁၈) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၁၉) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ခွင့် ၁ ရက်၊

(၂၀) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၂၁) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၁ ရက်၊

(၂၂) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊

(၂၃) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၂၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)နိုင်ငံကျော် ခွင့်၁ ရက်၊

(၂၅) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၁ ရက်၊

(၂၆) ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ခွင့် ၁ ရက်၊

(၂၇) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊

(၂၈) ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ် ခွင့် ၁ ရက်၊

(၂၉) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် ခွင့် ၁ ရက်၊

**မှူကြမ်း**

(၃၀) ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း ခွင့် ၁ ရက်၊

(၃၁) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၁ ရက်၊

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်း ခွင့် ၁ ရက်၊

(၃၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးကြည်ရွှေ ခွင့် ၁ ရက်၊

(၃၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးနေလင်း ခွင့် ၁ ရက်၊

(၃၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင် ခွင့် ၁ ရက်၊

(၃၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးညီညီလွင် ခွင့် ၁ ရက်၊

(၃၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင် ခွင့် ၁ ရက်၊

(၃၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းထွဋ် ခွင့် ၁ ရက်၊

(၄၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး ခွင့် ၁ ရက်၊

(၄၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၄၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၁ ရက်၊

(၄၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်လင်းဦး ခွင့် ၁ ရက်၊

(၄၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ခွင့် ၁ ရက်၊

(၄၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၆၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်

သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်တော်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### မတူပီမြို့တွင် 66 KV မဟာဓာတ်အားလိုင်းသွယ်တန်းပေးရေး အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ အခု ကျွန်တော်မေးမြန်းချင်တာကတော့ မတူပီမြို့နယ်မှာ မဟာဓာတ်အားလိုင်း 66 KV သွယ်တန်းခြင်းနှင့်ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။ မတူပီမြို့မှာ ၁၉၉၂ ခုနှစ်မှာ အသေးစားနမ့်လောင်ချောင်းရေအားလျှပ်စစ်အား ပြီးစီးဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီနမ့်လောင်ချောင်းရေအားလျှပ်စစ်က အိမ်ခြေ ၃၀၀ လောက်ပဲ မီးပေးနိုင်ခဲ့ပါတယ်။ နောက်ပြီးမှ ၂၀၀၇ ခုနှစ်မှာ ဘုံကလာရေအားလျှပ်စစ်ကို တည်ဆောက်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီဘုံကလာရေအားလျှပ်စစ်ဟာ စစ်ဗျူဟာနဲ့ တပ်ရင်းတွေအတွက်သာ အဓိကရည်ရွယ်ပြီး တည်ဆောက်တဲ့အတွက်ကြောင့် အစပိုင်းမှာတော့ မြို့ကိုလျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ခဲ့ပေမဲ့ ၂၀၁၄ ခုနှစ်နောက်ပိုင်းမှာတော့ မြို့တွင်းကိုလုံးဝမီးမပေးနိုင်ခဲ့တော့ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့မတူပီမြို့ဟာ ဒီနေ့ လုံးဝမီးမရရှိတဲ့အတွက်ကြောင့် ကိုယ်ထူကိုယ်ထနဲ့ မီးစက်တတ်နိုင်တဲ့သူကမီးစက်၊ ဆိုလာမီးစသဖြင့် မီးလင်းတဲ့အနေအထား

ရှိပါတယ်။ သို့ပေမဲ့ တစ်မြို့လုံးဟာ မှောင်မည်းအတိကျနေတာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီနေ့ မတူပီမြို့ဟာ မဟာဓာတ်အားလိုင်းရရှိရေးနဲ့ပတ်သက်ပြီးမှ ၂၀၁၆ ခုနှစ်မှာ ချင်းပြည်နယ်ရဲ့အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလာဘ်ထန်းကနေ ဒီမဟာဓာတ်အားလိုင်းရရှိရေးကို မေးခွန်းမေးပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီမေးခွန်းမှာ ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်(တောင်ပိုင်း)၊ မင်းတပ်မြို့မှာ မဟာဓာတ်အားလိုင်းရောက်ရှိပြီးနောက်ပိုင်းမှာ တစ်ဆက်တစ်စပ်တည်း နိုင်ငံတော်ရဲ့ ငွေလုံးငွေရင်းကိုချပေးမယ်လို့ ကတိကဝတ်ပေးခဲ့တာရှိပါတယ်။ အဲဒီ ကတိကဝတ်အတွက်လည်း ကျွန်တော်တို့ များစွာဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါတယ်။ သို့ပေမဲ့ ၂၀၁၇ ခုနှစ် ၁ လပိုင်းမှာ မင်းတပ်မြို့မှာ မဟာဓာတ်အားလိုင်းရရှိပြီး ဖြစ်ပါတယ်။ ရရှိပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ၂၀၁၇-၂၀၁၈ ခုနှစ် ဒီဘတ်ဂျက်မှာ မီးရရှိရေးအတွက် ငွေလုံးငွေရင်းကျလာမယ်လို့ ကျွန်တော်တို့ များစွာမျှော်လင့်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၅၀ သာကျပြီးတော့ ကျွန်တော်တို့က အဓိကက Survey လုပ်ဖို့ အဲဒီလောက်ပဲကျတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေက အများကြီးယုတ်လျော့ပျက်စီးသွားခဲ့ပါတယ်။

ကျွန်တော်တို့ မတူပီမြို့မှာ လျှပ်စစ်မီးမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဥပမာ - ကားဝပ်ရှော့ကအစလည်ပတ်နိုင်ဖို့ ကျွန်တော်တို့ ဒေသမှာ လက်ဖက်ထွက်ပါတယ်။ ဒါပေမဲ့ အဲဒီလက်ဖက်ကို တစ်နိုင်တစ်ပိုင်ထုတ်လုပ်နိုင်ဖို့ရန်အတွက် အဲဒီ ဟာလေးတွေကိုလည်း မလည်ပတ်နိုင်ဘူး။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က မြို့ဖွံ့ဖြိုးတိုးတက်ရေးဟာ လျှပ်စစ်မီးနဲ့အများကြီးဆက်စပ်နေတာကို တွေ့ရပါတယ်။ အဲဒါကြောင့် မီးမရရှိတဲ့ အခါမှာ ကျွန်တော်တို့ရဲ့မြို့ဟာ လုံးဝဖွံ့ဖြိုးတိုးတက်မှုအနေအထားမှာ အခက်အခဲများစွာ ဖြစ်စေပါတယ်။ အဲဒါကြောင့် ဒီအစိုးရသစ်တက်လာပြီးနောက်ပိုင်းမှာ ကျွန်တော်တို့ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အထူးဦးစားပေးတဲ့အတွက်လည်း နိုင်ငံတော်အစိုးရအပေါ် အထူးကျေးဇူးတင်ရှိပါတယ်။ မကြာခင်မှာလည်း ကျွန်တော်တို့မတူပီမြို့ဟာ ခရိုင်မြို့အဆင့်တိုးမြှင့်လာမယ်ဆိုတာ ကျွန်တော်တို့ သိရှိရပါတယ်။ Cabinet မှာလည်း ဆုံးဖြတ်ပြီးပြီလို့ ကျွန်တော်တို့ကြားသိရတဲ့အတွက် များစွာကျေးဇူးတင်ရှိပါတယ်။ သို့ပေမဲ့ ဒီလိုမျိုးမီးမရရှိတဲ့အခါမှာ ရုံးပိုင်းဆိုင်ရာလည်ပတ်နိုင်ဖို့ရန်အတွက်သော်လည်ကောင်း၊ တခြားတခြားအတွက်သော်လည်းကောင်း များစွာအခက်အခဲရှိတဲ့အတွက်ကြောင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုအဆင်ပြေချောမွေ့စေဖို့အတွက် မဟာဓာတ်အားလိုင်း 66 KV ကို

အမြန်ဆုံးသွယ်တန်းနိုင်ဖို့ရန်အတွက် နိုင်ငံတော်မှငွေလုံးငွေရင်းချပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း မေးမြန်းသည့် မတူပီမြို့တွင် 66 KV မဟာဓာတ်အားလိုင်းသွယ်တန်းပေးရေး အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်နှင့်ပတ်သက်သည့်မေးခွန်းအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာထွန်းနိုင်မှ ရှင်းလင်းတင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ မင်းတပ်မြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ဖို့ဆောင်ရွက်ခဲ့တဲ့အတွက် ၃၁-၁-၂၀၁၇ ရက်နေ့မှာ မင်းတပ်မြို့ကို မဟာဓာတ်အား လိုင်းမှ ဓာတ်အားပို့လွှတ်ထားပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မတူပီကိုမဟာဓာတ်အား လိုင်းနဲ့ဆက်လက်ဓာတ်အားပေးနိုင်ရန်အတွက် လက်ရှိလျှပ်စစ်ဓာတ်အားရောက်ရှိပြီးဖြစ်တဲ့ မင်းတပ်မြို့မှတစ်ဆင့် မတူပီသို့ 66 KV ဓာတ်အားလိုင်းတည်ဆောက်ခြင်းနဲ့ ဓာတ်အားခွဲရုံစီမံကိန်း တည်ဆောက်ခြင်းကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ထို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ကာ ကုမ္ပဏီအား Turn Key စနစ်ဖြင့်လုပ်ငန်းအပ်နှံခဲ့တာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်း စီမံကိန်းအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း ၁၂၇၀၀ ခန့်ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၁၅၆ သန်းကျော် ရရှိပေးချေခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျပ်သန်းပေါင်း ၃၈၁ သန်းနဲ့ပေးချေခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ဘတ်ဂျက်ရန်ပုံငွေခွဲဝေခွင့်ပြု ရရှိငွေမှာ ကျပ်သန်းပေါင်း ၅၀ ဖြစ်တဲ့အတွက်ဖြစ်ပါတယ်။

ဒါကြောင့် ယခုအခါမှာ ကိုယ်စားလှယ်ကြီးတင်ပြသကဲ့သို့ Survey တိုင်းတာခြင်းနဲ့ ခွဲရုံအတွက် Layout Plan ရေးဆွဲခြင်း၊ Design ရေးဆွဲခြင်းများ ဆောင်ရွက်နေနိုင်တဲ့အဆင့်သာ ဆောင်ရွက် နေနိုင်တာဖြစ်ပါတယ်။ 66 KV မင်းတပ်-မတူပီဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံစီမံကိန်းအတွက် ထပ်မံလိုအပ်နေသော ရန်ပုံငွေမြောက်များစွာကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ရန်ပုံငွေ မှာလည်း ထည့်သွင်းတင်ပြခြင်းနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များတွင်လည်း စဉ်ဆက်မပြတ်

တောင်းခံသွားမည်ဖြစ်ပါကြောင်းနဲ့ ရန်ပုံငွေလုံလောက်စွာရရှိတဲ့နှစ်များမှာ စီမံကိန်းများကို ပြီးစီးအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျွန်တော်တို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်ကို လျှပ်စစ်ဓာတ်အား ယခုထက်ပိုပြီးတိုးတက် ရရှိအောင် အစဉ်တစိုက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်ဆိုတာလည်း ထပ်မံဖြေကြားအပ်ပါတယ် ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**လေရှီးမြို့နယ်ရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် နန့်ဝန်ချောင်းနှင့် နန်းသလက်ချောင်းများတွင် အသေးစားနှင့် အလတ်စားရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ငွေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး ပဲမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေးဖြစ်ပါတယ်။ ယခု ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ လေရှီးမြို့နယ်အတွင်းမှာ ကျေးရွာများ လျှပ်စစ်မီးရရှိရေး အတွက် နန့်ဝန်ချောင်းနှင့် နန်းသလက်ချောင်းတို့မှာ အသေးစားနှင့်အလတ်စား ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လေရှီးမြို့နယ်ဟာ ဆင်းရဲတဲ့ဒေသဖြစ်တဲ့အတွက် ဒေသခံပြည်သူများမှာ လှေကားထစ် လယ်ယာနှင့် ရွှေ့ပြောင်းတောင်ယာစနစ်အဖြစ်သာ အသက်မွေးဝမ်းကျောင်းပြုနေရတဲ့အတွက် ကြောင့် နှစ်စဉ်သစ်တောများပြုန်းတီးနေရခြင်း၊ မီးဖိုချောင်သုံးချက်ပြုတ်ရေးနှင့် ညဘက်အလင်း ရောင် ရရှိရေးအတွက်ပါ ထင်ရှူးနှင့် အခြားသစ်ဝါးများကိုသာ အသုံးပြုနေရခြင်းတို့ကြောင့် တစ်နှစ် ထက်တစ်နှစ် သစ်တောများပိုမိုပြုန်းတီးလာပြီးတော့ ယခင်ကအလွန်အေးမြတဲ့ဒေသဟာ ယခုဆိုရင် သိသိသာသာရာသီဥတုပြောင်းလဲမှုကို ခံစားနေကြရပြီဖြစ်ပါတယ်။ ဒီလိုပဲ ဆက်ပြီးတော့ ထင်းမီးကို သာမှီခိုနေရမယ်ဆိုရင် သစ်တောပြုန်းတီးမှုဟာ ပိုမိုပြီးတော့မှ ဆိုးရွားလာမှာဖြစ်ပြီးတော့ မီးဖိုချောင် သုံး ထင်းခွေဖို့တောင်မှ ခက်ခဲလာမှာဖြစ်ပါတယ်။ လေရှီးတစ်မြို့နယ်လုံးမှာ မြို့ပေါ်၌အိမ်ခြေ ၂၀ ခန့် ရှိတဲ့ရွာလေးတစ်ရွာသာ လျှပ်စစ်မီးရရှိပြီးတော့မှ ကျန်တဲ့ကျေးရွာအားလုံး လုံးဝလျှပ်စစ်မီးမရှိသေးပါ ဘူး။ ဒါကြောင့်မို့လို့ အနာဂတ်လူ့အရင်းအမြစ်ဖြစ်တဲ့ ကျောင်းသားကျောင်းသူများရဲ့ ပညာရေး

အတွက်လည်းပဲ လွန်စွာမှ အရေးကြီးလိုအပ်နေပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်မည့်နေရာကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ နန်ဝန်ချောင်းရေအားလျှပ်စစ်ထုတ်လုပ်မည့် နေရာပြမြေပုံဖြစ်ပါတယ်။ ကျွန်တော်တို့ဒီနေရာမှာ ဒေသခံတွေနဲ့ဌာနဆိုင်ရာများကွင်းဆင်းပြီးတော့ ရေထုတ်မည့်နေရာကို ဦးစားပေး(၁)နှင့် လျာထားရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ရေအားလျှပ်စစ် ထုတ်မယ်ဆိုလို့ရှိရင်တော့ လေရှီးမြို့နယ်ရဲ့လူဦးရေအထူထပ်ဆုံးနေရာဖြစ်တဲ့အတွက်ကြောင့် မြို့နယ် လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းလောက်ဟာ လျှပ်စစ်မီးရရှိမှာဖြစ်ပါတယ်။ ဒါကတော့ နန်းသလက်ချောင်း တည်နေရာဖြစ်ပါတယ်။ နန်းသလက်ချောင်းတည်နေရာကတော့ ကျွန်တော်တို့ ကွင်းဆင်းထားတာ တော့ မရှိသေးပါဘူး။ ဒါပေမဲ့လို့ ဘယ်မှာပဲဖြစ်ဖြစ် ထုတ်လုပ်လို့ရတဲ့အခြေအနေရှိပါတယ်။ ကျွမ်းကျင် ပညာရှင်တွေနဲ့ ကွင်းဆင်းရွေးချယ်မယ်ဆိုလို့ရှိရင် အကောင်းဆုံးဖြစ်မယ်လို့ တင်ပြချင်ပါမယ်။ ဒီချောင်းမှာထုတ်မယ်ဆိုလို့ရှိရင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း မြို့နယ်အားလုံးနီးပါးလောက် ဖြန့်ဖြူးပေး နိုင်တဲ့မဂ္ဂါဝပ်ရရှိနိုင်သည့် ရေပမာဏရှိနေပါတယ်။ ဒါလည်းပဲ ခုနက နန်းသလက်ချောင်း ရေရှိတဲ့ နေရာအနီးကပ်ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားအရပ်ဒေသတွေမှာ ရေကာတာတစ်ခုတည်ဆောက်လို့ရှိရင် လယ်ယာ မြေ၊ ဥယျာဉ်ခြံနှင့်သစ်တောတွေ ရေမြုပ်ပြီးတော့မှ သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်တဲ့အတွက် ကြောင့်မို့လို့ ကန့်ကွက်တဲ့အသံကို ဦးစွာကြားရလေ့ရှိပါတယ်။ ကျွန်တော် ယခုတင်ပြတဲ့နေရာ ကတော့ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူများ၏လယ်ယာမြေများကို ထိခိုက်မှုမရှိဘဲ သဘာဝအလျောက် ကောင်းမွန်သည့်နေရာများဖြစ်သည့်အတွက်ကြောင့် မည်သည့်ပြဿနာတစ်စုံတစ်ရာမျှမဖြစ်ဘဲနဲ့ လျှပ်စစ်ထုတ်လုပ်လို့ရသည့် သဘာဝအရင်းအမြစ်ကောင်းများပဲဖြစ်ပါတယ်။ ဒါကြောင့် မြို့နယ် အတွင်း ပြည်သူလူထုရဲ့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးမှာ လျှပ်စစ်မီးဟာ အရေးကြီးဆုံးလိုအပ်ချက် တစ်ခုဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး

**မူကြမ်း**

၏ လေရှီးမြို့နယ်အတွင်း ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရန်အတွက် နန့်ဝန်ချောင်းနှင့် နန်းသလက်ချောင်းများတွင် အသေးစားနှင့် အလတ်စားရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား ကျွန်တော်က ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ် ကြီးမေးမြန်းသည့် လေရှီးမြို့နယ်အတွင်းရှိ နန့်ဝန်ချောင်းနှင့် နန်းသလက်ချောင်းများမှ ရေအား လျှပ်စစ်ဓာတ်အားထုတ်ယူရန် ကနဦးကွင်းဆင်းစူးစမ်းလေ့လာမှုများ ပြုလုပ်ရန်လိုအပ်ပါတယ်။ အဆိုပါ စူးစမ်းလေ့လာတိုင်းတာမှုများမှ ရရှိတဲ့ရလဒ်များအပေါ် မှာမူတည်ကာ စီမံကိန်းကိုအကောင် အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နန့်ဝန်ချောင်းနှင့် နန်းသလက်ချောင်းများမှ ရေအားလျှပ်စစ် ထုတ်ယူရန်အတွက် ယခင်က စူးစမ်းလေ့လာတိုင်းတာထားသောအချက်အလက်များမရှိသေးပါ ကြောင်း တင်ပြအပ်ပါတယ်။ လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရန် နန့်ဝန်ချောင်းနှင့် နန်းသလက်ချောင်းမှ အသေးစား သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်ထုတ်ယူမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈၈ ဇယား ၂ အပိုဒ် ၄ အပိုဒ်ခွဲ(က)နှင့် လျှပ်စစ်ဥပဒေ (၂၀၁၄ ခုနှစ်) ပုဒ်မ ၁၃ တို့အရ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အသေးစားနှင့် အလတ်စားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိပါကြောင်းနှင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံဆောင်ရွက်လို သည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင် ကြောင်း ဖော်ပြထားပါသဖြင့် နန့်ဝန်ချောင်းနှင့် နန်းသလက်ချောင်းမှ အသေးစား သို့မဟုတ် အလတ်စားရေအားလျှပ်စစ်ထုတ်ယူရေးအတွက် သက်ဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စူးစမ်းတိုင်းတာမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးကို မိမိတို့ဝန်ကြီးဌာန က ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပြီး လိုအပ်ပါက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နည်းပညာဆိုင်ရာ အကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ကာ အင်ဂျင်နီယာများအား လုပ်ငန်းခွင်သို့ စူးစမ်းလေ့လာ တိုင်းတာခြင်းလုပ်ငန်းများပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက် ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးအောင်တင်လင်း(နတ်မောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နတ်မောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်လင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းချင်တဲ့မေးခွန်း ကတော့ နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာအနီးမှာ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်းကတော့ နတ်မောက်မြို့နယ်မှာ ကျေးရွာအုပ်စု ၈၀၊ ကျေးရွာပေါင်း ၂၃၅ ရွာရှိပြီးတော့ မြို့နယ်၏အကျယ်အဝန်း မှာ ၈၉၁.၆၀ စတုရန်းမိုင်ဖြစ်ပါတယ်။ နတ်မောက်မြို့၏အရှေ့ဘက်တွင် မိတ္ထီလာ၊ ပျော်ဘွယ်နှင့် ရမည်း သင်းမြို့များတည်ရှိပြီး အနောက်ဘက်တွင် မကွေးမြို့၊ တောင်ဘက်တွင် မြို့သစ်မြို့၊ မြောက်ဘက်တွင် ရေနံချောင်း၊ ကျောက်ပန်းတောင်းမြို့များနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ မြို့အနေအထားမှာ မြို့တစ်ခုလုံး၏ အနောက်တောင်ဘက်တွင်တည်ရှိပြီး မြို့နယ်အတွင်းရှိကျေးရွာ အများစုအုပ်စုများမှာ မြို့နယ်၏မြောက်ဘက်၊ အရှေ့မြောက်ဘက်တို့တွင် တည်ရှိပါသည်။ ယခုအချိန် အထိ မြို့ပေါ်ခုနစ်ရပ်ကွက်နှင့် ဘုန်းတော်ပြည့်ကျေးရွာအုပ်စုမှ ဘုန်းတော်ပြည့်ကျေးရွာတစ်ရွာ တည်းသာ မီးလင်းပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာမွန်ကျေးရွာအုပ်စု၊ ရွာမွန်ရွာမှာ နက်မောက်မြို့နယ်၏ အလယ်ခေါင်တွင် တည်ရှိပါသည်။ ၎င်းကျေးရွာတွင် ပ.ပ.န တပ်ပင်မစစ်လက်နက်ပစ္စည်း ထိန်းသိမ်းရေးတပ်တည်ရှိပြီး ၎င်းစစ်တပ်မှ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ပေးမည်ဆိုပါက နတ်မောက် မြို့နယ် အနှံ့အပြားရှိ ကျေးရွာများမှာ လျှပ်စစ်မီးရရှိနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်မည်ဆိုပါက နတ်မောက်-ရွာမွန်လမ်း၊ ရွာမွန်-ကျောက်ပန်းတောင်းလမ်း၊ ရွာမွန်-ဆည်ကြီး ခရိုင်ချင်းဆက်လမ်း၊ ရွာမွန်-ပျော်ဘွယ်လမ်းဘေးရှိ ရွာပေါင်း ၅၀ မှ အိမ်ထောင်စုပေါင်း ၆၀၀၀ ခန့်၊ လူဦးရေ ၃၀၀၀၀ ခန့် အကျိုးဖြစ်ထွန်းနိုင်ပြီး ထိုမှတစ်ဆင့် နီးစပ်ရာကျေးရွာများသို့လည်း ဓာတ်အားလိုင်းများဆက်သွယ်၍ ဆောင်ရွက်မည်ဆိုပါက နတ်မောက်မြို့နယ်(မြောက်ပိုင်း)ရှိ ကျေးရွာများတွင် ဓာတ်အားရရှိမည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ခု တည်ဆောက်မည်ဆိုပါက ဓာတ်အားဆက်သွယ်ရမည့်နည်းလမ်းနှစ်သွယ်ရှိပါတယ်။ ပထမလမ်းကတော့ ၆၆ ကေဗွီ ဓာတ်အားလိုင်းကို မြို့သစ်မြို့အနီး ခွင့်ပြုမိန့်ရရှိပြီးမှ ၂၆ မိုင်ခန့် ဓာတ်အားလိုင်းတည်ဆောက်၍ ရရှိနိုင်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း ၃၀၀၀ ဖြစ်ပါတယ်။ ဒုတိယကတော့ ၆၆ ကေဗွီဓာတ်အားလိုင်းကို နတ်မောက်မြို့နယ်၊ ရွာမွန်ပင်မစစ်လက်နက် ပစ္စည်းတပ်မှ ၅ မိုင်ခန့်ဓာတ်အားလိုင်းတည်ဆောက်၍ ရရှိနိုင်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း ၁၀၀၀ ကျော်ခန့်ဖြစ်ပါတယ်။ နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာအနီးတွင် ၆၆ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခဲ့ပါက ၁၁ ကေဗွီဓာတ်အားလိုင်းများတည်ဆောက်၍ ကားလမ်းဘေးရှိ ကျေးရွာပေါင်း ၅၀ နှင့် ဓာတ်အားဖြန့်ဖြူးမှာဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှခွင့်ပြုစေလိုပါတယ်ခင်ဗျား။ ဒါကတော့ နတ်မောက်မြို့နယ်မြေပုံဖြစ်ပါတယ်။ အလယ်ကောင်မှာ အနီးလေးကတော့ ရွာမွန်စစ်တပ်ဖြစ်ပါတယ်။ အဲဒီမှာ လျှပ်စစ်မီတာလိုင်း ခုနစ်လိုင်းရှိပါတယ်။ ပထမလိုင်းကတော့ ရွာမွန်ကျေးရွာမှာ ဈေးသာကျေးရွာအထိ ၁၂ မိုင်တည်ဆောက်ပါက အကျိုးဖြစ်ထွန်းစေမယ့်ရွာကခြောက်ရွာ၊ ရွာမွန်ကျေးရွာမှ စရံအိုင့်ကျေးရွာအနီးအထိ ၅.၅ မိုင်တည်ဆောက်ပါက အကျိုးဖြစ်ထွန်းစေမည့်ကျေးရွာ ခုနစ်ရွာ၊  စရံအိုင့်ကျေးရွာမှ ဖက်သန်းတောင်ကျေးရွာအထိ ၁၀ မိုင်တည်ဆောက်ပါက အကျိုးဖြစ်ထွန်းစေမည့်ရွာ ခုနစ်ရွာ၊ နောက်တစ်ခါ စရံအိုင့်ကျေးရွာမှ ဆည်ကြီးကျေးရွာအထိ ၁၀ မိုင်တည်ဆောက်ပါက အကျိုးဖြစ်ထွန်းမည့်ရွာ ကိုးရွာ၊ နောက်တစ်ခုက ရွာမွန်ကျေးရွာမှ ဆည်ခေါင်းရွာတော်ကျေးရွာအထိ ၁၄ မိုင်တည်ဆောက်ပါက အကျိုးဖြစ်ထွန်းမည့်ရွာ ခြောက်ရွာ၊ စရံအိုင့်ကျေးရွာမှ ဆုံကုန်းကျေးရွာအထိ ၁၂ မိုင်တည်ဆောက်ပါက အကျိုးဖြစ်ထွန်းစေမည့်ရွာ ခုနစ်ရွာ၊ ဈေးသာကျေးရွာမှ ဝက်ချုပ်ကျေးရွာအထိ ၁၀ မိုင်တည်ဆောက်ပါက အကျိုးဖြစ်ထွန်းမည့်ရွာ ရှစ်ရွာဖြစ်ပါတယ်။ ဓာတ်အားခွဲရုံတည်ဆောက်မည်ဆိုလည်း ဓာတ်အားခွဲရုံတည်ဆောက်မည့်မြေနေရာအတွက်လည်း ၁.၅ ဧကကိုလည်း ရွာမွန်ကျေးရွာမှ ဦးလှိုင်ထွန်းအောင်က လှူဒါန်းပြီးဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာတွင်မီးလင်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာကတော့ (က) နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ (ခ) အစီအစဉ်ရှိပါက မည်သည့်ဘတ်ဂျက်နှစ်တွင် စတင်အကောင်အထည်ဖော်

ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်လင်း မေးမြန်းသည့် မကွေးခရိုင်၊ နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်မှ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာရှိ လက်ရှိဓာတ်အားရရှိနေသော ပင်မစစ်လက်နက်ပစ္စည်းတပ်ဓာတ်အားခွဲရုံအား ၁၃၂ ကေဗွီ ချောက်ပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီဓာတ်အားလိုင်း ၆၄.၂ မိုင် ကွာဝေး၍ ချိတ်ဆက်တည်ဆောက်ဓာတ်အားရယူထားတာဖြစ်ပါတယ်။ အဆိုပါ ၆၆ ကေဗွီဓာတ်အားလိုင်းပေါ်မှာ လက်ရှိဝန်အားက အလွန်များပြားနေတာဖြစ်ပါတယ်။ ဒါကြောင့် ရွာမွန်ကျေးရွာရှိ ၆၆ ကေဗွီ ပင်မဓာတ်အားခွဲရုံကနေပြီးတော့ လက်ရှိဓာတ်အားရယူလိုသော ရွာမွန်ကျေးရွာသို့ ၆၆ ကေဗွီလိုင်း ထပ်မံချိတ်ဆက်ပါက မူလဝန်အားများနေတဲ့လိုင်းအပေါ်မှာ ထပ်မံဝန်အားများလာမှာဖြစ်တဲ့အတွက်ကြောင့် ဓာတ်အားရရှိခဲ့ရင်တောင်မှ ရရှိမယ့်ကျေးရွာမှာ ဗို့အားကျဆင်းခြင်း၊ မူလ လျှပ်စစ်ဓာတ်အားရရှိနေတဲ့နေရာမှာ ထပ်မံဗို့အားကျဆင်းခြင်း၊ ဗို့အားကျဆင်းခြင်းများကြောင့် Losses များခြင်းဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက်ကြောင့် နည်းပညာအရ သင့်လျော်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ မြို့သစ်မြို့နှင့် နတ်မောက်မြို့တို့ကို ဗို့အားကောင်းမွန်စွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍ တောင်တွင်းကြီးပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ၆၆ ကေဗွီလိုင်း ၁၇.၅ မိုင် အသစ်တည်ဆောက်ရန် လိုအပ်ပါတယ်။ မြို့သစ်မြို့နယ်၊ တလုပ်ပင်ကျေးရွာ၊ ကံကြီးကျေးရွာအနီးမှာ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံ တိုးချဲ့တည်ဆောက်ရန် စီစဉ်နေတာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်းဟာ ၃၆၀၃ သန်းခန့်ဖြစ်ပြီး ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ ပါဝင်လျက်ရှိပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ မြို့သစ်မြို့နယ်၊ တလုပ်ပင်ကျေးရွာအုပ်စု ကံကြီး

ကျေးရွာမှာ ၆၆ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက အဆိုပါခွဲရုံမှတစ်ဆင့် ရွာမွန်ကျေးရွာသို့ ဓာတ်အားချိတ်ဆက် ရယူနိုင်ရန် ၆၆ ကေဗွီဓာတ်အားလိုင်း နောက်ထပ် ၂၆ မိုင်၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပြီး လိုအပ်တဲ့ရန်ပုံငွေကျပ်စုစုပေါင်းမှာ ကျပ်သန်းပေါင်း ၄၀၉၈.၅၁၈ ခန့် ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ငါးနှစ်အတွင်း ဆောင်ရွက်မယ့်စီမံချက်မှာ ထည့်သွင်း လျာထားတာဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားရှိပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ကို တောင်းခံကာအကောင်အထည်ဖော်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် မုန်းမြို့၌ 33/11 KV, 3MVA ဓာတ်အားခွဲရုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် N.E.P စီမံချက်အတိုင်း လုပ်ဆောင်နိုင်ခြင်းရှိ/မရှိ တို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ငွေ(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြ တဲ့ ဧည့်သည်တော်အပေါင်းတို့အား မင်္ဂလာပါလို့ ရှေ့ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီး မြို့နယ် မုန်းမြို့၌ 33/11 KV 3 MVA ဓာတ်အားခွဲရုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသော မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ကြီးမြို့နယ် မုန်းမြို့သို့ ဖြူးဓာတ်အားခွဲရုံမှ ၂၀-၇-၂၀၁၅ ရက်နေ့တွင် လျှပ်စစ်သွယ်တန်းနိုင်ခဲ့ ပါတယ်။ သွယ်တန်းထားသော လျှပ်စစ်ဗို့အားလိုင်းမှာ 11 KV ဖြစ်ပြီးတော့ ရယူထားသော လျှပ်စစ် ဓာတ်အားခွဲရုံအမည်မှာ 33/11 KV 10 MVA ဖြူးဓာတ်အားခွဲရုံဖြစ်ပါတယ်ခင်ဗျား။ ဖြူးမြို့ လျှပ်စစ် ဓာတ်အားခွဲရုံမှ မုန်းမြို့ အမှတ်(၄)ရပ်ကွက် ထရန်စဖော်မာအထိ အလျား ၁၈.၇၃ မိုင်ကွာဝေးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မုန်းမြို့တွင် လျှပ်စစ်ဌာနပိုင် လုံလောက်သောမြေနေရာလည်းရှိပါတယ်။ ယခု လက်ရှိတပ်ဆင်ထားသော လျှပ်စစ်ဌာနပိုင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးရှိပြီးတော့

ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးပိုင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးလည်းရှိပါတယ်။ ၃၁-၁၂-၂၀၁၆ ရက်နေ့အထိ လက်ရှိမီးသုံးစွဲသူဦးရေမှာ ၁၀၅၈ ဦးရှိပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မုန်းဒေသအတွင်း ကျေးရွာအုပ်စု ၁၃ အုပ်စုနှင့် ကျေးရွာအပေါင်း ၄၉ ရွာရှိပါတယ်။ မီးသုံးစွဲနိုင်မည့်လူဦးရေမှာ ၈၉၀၀ ခန့်ဖြစ်ပါတယ်။ နိုင်ငံတော် NEP စီမံချက်အရ မုန်းဒေသအတွင်း မီးလင်းနိုင်ရေးအတွက် မုန်းမြို့၌ 33/11 KV 3 MVA ဓာတ်အားခွဲရုံတစ်လုံး လိုအပ်လျက်ရှိပါတယ်။ ဒေသခံ ပြည်သူများကလည်း လျှပ်စစ်မီးလင်းနိုင်ရေးအတွက် တောင့်တစွာတောင်းဆိုနေကြပြီဖြစ်ပါသောကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းလိုသည်မှာ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် မုန်းမြို့၌ 33/11 KV 3 MVA ဓာတ်အားခွဲရုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် NEP စီမံချက်အတိုင်း လုပ်ဆောင်နိုင်ခြင်းရှိ/မရှိကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ မေးမြန်းသည့် ကျောက်ကြီးမြို့နယ် မုန်းမြို့၌ 33/11 KV 3 MVA ဓာတ်အားခွဲရုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် NEP စီမံချက်အတိုင်း လုပ်ဆောင်နိုင်ခြင်းရှိ/မရှိဆိုသည့်မေးခွန်းအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျောက်ကြီးမြို့နယ် မုန်းမြို့တွင် ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာပေါင်း ၄၈ ရွာရှိပါတယ်။ လက်ရှိတွင် ရပ်ကွက်အားလုံးနှင့် သောင်လယ်ကျေးရွာအနီးရှိ ဒိုးတန်းကျေးရွာ၊ သာစည်ကျေးရွာတို့ရှိ စုစုပေါင်း မီးသုံးသူဦးရေ ၁၀၆၅ ဦးအား ဖြူးမြို့ရှိ 33/11 KV 10 MVA ဓာတ်အားခွဲရုံမှ မုန်းမြို့သို့ 11 KV ဓာတ်အားလိုင်း ၁၈.၇၃ မိုင် တည်ဆောက်ကာ ဝန်ကြီးဌာနပိုင် 11.4 KV 200 KVA ထရန်စဖော်မာလေးလုံးနှင့် ကိုယ်ထူကိုယ်ထ 200 KVA ထရန်စဖော်မာနှစ်လုံး စုစုပေါင်းခြောက်လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားလျက်ရှိပါတယ်။ မုန်းမြို့အား မေးခွန်းပါအတိုင်း မီးလင်းရန်နှင့် ကျန်ရှိသောကျေးရွာများအနက်မှ သောင်လယ်ကျေးရွာရှိ သောင်လယ်ကျေးရွာ၊ နွယ်တန်းကြီးကျေးရွာ၊ ရမ်ကစ်ကျေးရွာ၊ အင်ကြင်းကုန်းကျေးရွာ၊ မုန်းကျေးရွာ

အုပ်စုရှိ ရေအိုးစင်ကျေးရွာ၊ လိန်ပင်ကျေးရွာ၊ စည်ပင်သာကျေးရွာ၊ ညောင်ပင်သာကျေးရွာအုပ်စုရှိ ကရင်ကျကျေးရွာ စသည့်ကျေးရွာရှစ်ရွာ လျှပ်စစ်ဓာတ်အားရရှိရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း NEP ၏ ပထမအဆင့်ဖြင့် 11 KV ဓာတ်အားလိုင်းနှင့် 11.4 KV ထရန်စဖော်မာများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျေးရွာများက ၎င်းတို့ကျေးရွာအတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

လက်ရှိ NEP ၏ ပထမအဆင့်တွင်ပါရှိသော ကျေးရွာများအား ဓာတ်အားရရှိရန် လိုအပ်သော ဓာတ်အားလိုင်းပစ္စည်းများနှင့် ဓာတ်အားခွဲရုံပစ္စည်းများအား ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဝယ်ယူနိုင်ရန် နိုင်ငံတကာတင်ဒါခေါ်ယူကာ ဆောင်ရွက်လျက်ရှိပါတယ်။ ပစ္စည်းများရရှိပါက တည်ဆောက်ရေးလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေရရှိမှုအပေါ်မှာမူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။ မုန်းမြို့ရှိ မီးလင်းရန်ကျန်ရှိသောကျေးရွာများအား လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် 33/11 KV 10 MVA ဓာတ်အားခွဲရုံ ဖြူးခွဲရုံမှ 33 KV ဓာတ်အားလိုင်းအသစ် ချိတ်ဆက်တည်ဆောက်ကာ မုန်းမြို့၌ ရပ်ကွက်အမှတ်(၅)ရှိ လျှပ်စစ်ရုံးဝန်းအတွင်း 33 KV ဓာတ်အားခွဲရုံတည်ဆောက်နိုင်ရန်အတွက် ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ ငါးနှစ်စီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါတယ်။ မုန်းမြို့တွင် 33 KV ဓာတ်အားလိုင်း ၁၆ မိုင်နှင့် 33/11 KV 5 MVA ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ရန် လိုအပ်သောဘတ်ဂျက်ရန်ပုံငွေမှာ ကျပ်သန်းပေါင်း ၁၄၇၆.၂၅ ဖြစ်ကာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရေနံချောင်းမြို့ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စက်မှုဇုန်တည်ရှိနေခြင်းကြောင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ပြည့်ဝစေရန် 66 KV ဓာတ်အားလိုင်းနှင့် 66 KV ဓာတ်အားခွဲရုံတည်ဆောက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးသာချို(ခ)ဦးတင်ကြိုင်(ရေနံချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာချို(ခ)ဦးတင်ကြိုင် ဖြစ်ပါတယ်။ အခု ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရေနံချောင်းမြို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စက်မှုဇုန်တည်ရှိနေသောကြောင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားပြည့်ဝစေရန် 66 KV မဟာဓာတ်အားလိုင်းနှင့် 66 KV ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းမည့်မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရေနံချောင်းမြို့သည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စက်မှုဝန်ကြီးဌာနလက်အောက်၌တည်ရှိသော စက်မှုဇုန်တည်ရှိနေသော မြို့တစ်မြို့ဖြစ်ပါတယ်ခင်ဗျား။ ရေနံချောင်းမြို့ သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ယခုလက်ရှိထုတ်လုပ်နေသော ရေနံတွင်းပေါင်းမှာ ၁၇၅ တွင်းရှိပြီး ၎င်းရေနံတွင်းများမှ တစ်နေ့လျှင် ရေနံစည်ပေပါပေါင်း ၁၅၀၀ ကျော်ထုတ်လုပ်လျက်ရှိပြီး စက်မှုဇုန်မှ ဆီစက်လုပ်ငန်း၊ တွင်ကုန်လုပ်ငန်း၊ ကားဝပ်ရှော့လုပ်ငန်း၊ ကားဘော်ဒီလုပ်ငန်း၊ သံရေကြိုလုပ်ငန်း၊ သံနန်းဆွဲလုပ်ငန်း၊ ဆိုင်ကယ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကားထုတ်လုပ်ရေးလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ ကော်ဖီမှုန့်ထုတ်လုပ်ရေးလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ သောက်ရေသန့်လုပ်ငန်း၊ အောက်ဆီဂျင်လုပ်ငန်းအပါအဝင် လုပ်ငန်းပေါင်း ၁၁၂ ခုရှိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရေနံချောင်းမြို့တွင် အထက်တွင်ဖော်ပြခဲ့သော ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ ထုတ်လုပ်မှုများပြားစွာရှိနေသော်လည်း အသုံးပြုနေသည့်လျှပ်စစ်ဓာတ်အားမှာ ပြည့်ဝစွာအသုံးပြုခွင့်မရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်ခင်ဗျား။ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးမပြုရသည့်အကြောင်းအရင်းအား ရှင်းလင်းရမည်ဆိုလျှင် ကျွန်တော်တို့ရေနံချောင်းမြို့အား မကွေးမြို့မှ သွယ်တန်းထားသော မကြီးကန် 33 KV ဓာတ်အားလိုင်းမှ ရေနံချောင်းမြို့ လက်မှတ်ကုန်းခွဲရုံတို့ အဝင်လိုင်းတွင် 28 KV သာရောက်ရှိခြင်းတို့ကြောင့်လည်းကောင်း လျှပ်စစ်ဓာတ်အား ပြည့်ဝခြင်းမရှိဘဲဖြစ်နေပါသဖြင့် အခက်အခဲများဖြစ်ပေါ်လျက်ရှိပါသည်ခင်ဗျား။ 33 KV လက်မှတ်ကုန်းဓာတ်အားခွဲရုံသည်လည်း 11 KV ဓာတ်အားလိုင်း

၁၁၀၀၀ ဗို့ထွက်ရမည်ဖြစ်သော်လည်း ၉၀၀၀ ဗို့သာထွက်ရှိပြီး ၁၁၁၀.၄ ထရန်စဖော်မာများတွင်လည်း ၄၀၀ ဗို့ထွက်ရှိမည့်အစား ၃၀၄ ဗို့အားသာ ထွက်ရှိနေပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံချောင်းစက်မှုဇုန်နှင့် မြို့ပေါ်သုံးစွဲနေသော ထရန်စဖော်မာ စုစုပေါင်းမှာ ၄၇ လုံးရှိပြီး ကျေးရွာပေါင်း ၁၄၆ ရွာရှိသည့်အနက် လေးရွာသာ မီးလင်းပြီး ကျန်တဲ့ ၁၄၂ ရွာ မှာ မီးလင်းရန်ကျန်ရှိနေပါသေးတယ်ခင်ဗျား။ ၎င်းတို့ အဲဒီလိုဖြစ်နေရခြင်းကြောင့် ရေနံချောင်းမြို့ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိနိုင်ရေးအတွက် ၃၀.၇၇ မိုင်ဝေးကွာသည့် 33 KV ဓာတ်အားလိုင်း ပြန်လည်တည်ဆောက်မည့်အစား ၂၇ မိုင်သာဝေးကွာသည့် ဝွေးချို 66 KV ဓာတ်အားလိုင်းမှဖြစ်စေ၊ 132 KV ချောက်ဓာတ်အားခွဲရုံမှ ချောက်၊ စလေ၊ ရေနံချောင်း လမ်းသစ်အတိုင်း အစားထိုးတပ်ဆင်နိုင်ရန် တင်ပြအပ်ပါသည်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြောကြားလိုသည်ကတော့ ယခုလက်ရှိအသုံးပြုနေသော ၃၀.၇၇ မိုင်ဝေးကွာသည့် မကွေး၊ ရေနံချောင်း 33 KV ဓာတ်အားလိုင်း၏ အားနည်းချက်များကြောင့် မိုးရာသီဆိုလျှင် လေတိုက်၍ဖြစ်စေ၊ မိုးရွာ၍ဖြစ်စေ၊ မိုးကြိုးပစ်၍ဖြစ်စေ၊ Line Fault ဖြစ်ပြီး မီးမကြာခဏ ပျက်တောက်နေသည်မှာ နှစ်ပေါင်းကြာပြီဖြစ်ပါသည်ခင်ဗျား။ ယခု မိုးတွင်းမှာကို လေးခါပျက်ပါပြီခင်ဗျား။ ယခုကဲ့သို့ ပျက်နေခြင်းကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရေနံတွင်းများ ရပ်တန့်၍ မရသောကြောင့် Gas Turbine ၁၂ လုံး လည်ရပါတယ်ခင်ဗျ။ ၎င်းတို့လဲရတဲ့အတွက် ရေနံတွင်းပေါင်း ၁၂၇ တွင်း လည်ပတ်ဖို့အတွက် တစ်နာရီကိုထုတ်လုပ်ရသော လျှပ်စစ်ဓာတ်အား မှာ ၁.၆ မဂ္ဂါဝပ်ရရှိရန်အတွက် ဒီဇယ်ဂါလံ ၂၆၀ ဂါလံ ကုန်ကျပါတယ်ခင်ဗျား။ တစ်နာရီကို ၂၆၀ ဂါလံ ဆိုရင် ပေပါ ၅ လုံးကျော်ပါတယ်။ ဒါ့ကြောင့် 66 KV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအား တည်ဆောက်ပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာချို(ခ)ဦးတင်ကြိုင် တင်သွင်းသည့် ရေနံချောင်းမြို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး

ဌာန၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စက်မှုဇုန်တည်ရှိနေခြင်းကြောင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရန် 66 KV ဓာတ်အားလိုင်းနှင့် 66 KV ဓာတ်အားခွဲရုံတည်ဆောက်ပေးရန် မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရေနံချောင်းမြို့နယ်အား လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် 132 KV မကြီးကန်ပင်မ ဓာတ်အားခွဲရုံမှ ရေနံချောင်းမြို့သို့ 33 KV ဓာတ်အားလိုင်း ၃၀.၇၇ မိုင်ဖြင့် ဓာတ်အားချိတ်ဆက်ရယူကာ ရေနံချောင်းမြို့တွင် 33/11 KV 5 MVA ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ပြီးတော့ အဆိုပါ ဓာတ်အားခွဲရုံမှ ရေနံမြေလုပ်ငန်းမှလည်း 33/11 KV 5 MVA ဓာတ်အားခွဲရုံ ထပ်မံတည်ဆောက်ကာ ဓာတ်အားရယူသုံးစွဲလျက်ရှိပါတယ်။ အဆိုပါ လက်ရှိ 33 KV ဓာတ်အားလိုင်းကြိုးမှာ ရှေးယခင်က တည်ဆောက်ခဲ့ပြီး ဓာတ်အားလိုင်းရဲ့ ကြိုးအရွယ်အစားမှာ ACSR 70 $mm^2$ ဖြင့် တည်ဆောက်ထားတာဖြစ်ပါတယ်။ ရှေးယခင်က မြို့ရဲ့ ဝန်အားအခြေအနေနဲ့ အခုတိုးတက်လာတဲ့ဝန်အားအခြေအနေ အဆမတန်များပြားလာတဲ့အတွက်ကြောင့် အဆိုပါဓာတ်အားလိုင်းကြိုးဟာ နိုင်နင်းမှုအားနည်းလာတာဖြစ်ပါတယ်။ သို့ပါ၍ ရေနံချောင်းဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရာတွင် ဗို့အားပိုမိုကောင်းမွန်လာရေးနှင့် ဝန်အားနိုင်နင်းစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် နည်းပညာအရ 33 KV ဓာတ်အားလိုင်း၏ကြိုးအား ပိုမိုကြီးသည့်ကြိုးဆိုဒ်ဖြင့် လဲလှယ်ရန် လိုအပ်တာဖြစ်ပါတယ်။ ဓာတ်အားခွဲရုံမှာရှိတဲ့ လက်ရှိတပ်ဆင်ထားတဲ့ 33/11 KV 5 MVA ထရန်စဖော်မာရဲ့ ဝန်အားဟာ ၈၃ ရာခိုင်နှုန်းအထိ ရောက်ရှိလာတာဖြစ်ပါတယ်။ ဒါကြောင့် ဓာတ်အားခွဲရုံမှာ ဒီထက်အရွယ်အစားပိုကြီးတဲ့ သင့်လျော်တဲ့ ထရန်စဖော်မာတစ်လုံးကိုလည်း တိုးချဲ့တပ်ဆင်သွားရန် လိုအပ်ပါတယ်။ ရေနံချောင်းဓာတ်အားခွဲရုံတွင် 33/11 KV 10M VA ထရန်စဖော်မာတစ်လုံး ထပ်မံတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်တဲ့ရန်ပုံငွေ ၈၃၂.၀၉၀ ကျပ်သန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ဆောင်ရွက်ရန် လျာထားစီစဉ်ထားရှိပြီးဖြစ်ပါတယ်။ လက်ရှိ မကြီးကန်၊ ရေနံချောင်း 33/11 KV ဓာတ်အားလိုင်းမှာရှိတဲ့ 70 $mm^2$ ဓာတ်အားလိုင်းကြိုးကိုလည်း 150 $mm^2$ ကြိုးဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်တဲ့ရန်ပုံငွေ ၇၇၂.၅၇၃ ကျပ်သန်းကို လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းတင်ပြတောင်းခံသွားမှာဖြစ်ပြီး ရရှိပါက ထိုလုပ်ငန်းကိုလည်း ဆောင်ရွက်သွားနိုင်မယ်ဆိုလို့ရှိရင် ရေနံချောင်းမြို့အတွက် ဗို့အားပိုမိုကောင်းမွန်ခြင်းနဲ့ ဓာတ်အား လက်ရှိအခြေအနေထက် ပိုမိုတိုးတက်သုံးစွဲလာနိုင်မှာဖြစ်ပါတယ်။ ထို့အပြင် ဝန်ကြီးဌာနက ရေနံချောင်းမြို့တွင် 66 KV ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးနိုင်ရန်

ချောက်မြို့နယ်မှာရှိတဲ့ 132 KV ချောက်ဓာတ်အားခွဲရုံမှ ရေနံချောင်းမြို့သို့ 66 KV ဓာတ်အားလိုင်း ၃၇ မိုင်တည်ဆောက်ခြင်းနဲ့ ရေနံချောင်းမြို့ရှိ စက်မှုဇုန်အနီးတွင် 66/33 KV 15 MVA ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် အဆိုပါ 66 KV စက်မှုဇုန်ဓာတ်အားခွဲရုံမှ 33 KV ရေနံချောင်းဓာတ်အားခွဲရုံသို့ 33 KV ဓာတ်အားလိုင်း ၃ မိုင် ပြန်လည်ချိတ်ဆက်တည်ဆောက်လိုက်ပါက အခြေအနေများစွာ တိုးတက်ကောင်းမွန်သွားမှာဖြစ်ကာ ဝန်ကြီးဌာနက ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ ၅ နှစ်တာကာလအတွင်း ဆောင်ရွက်မယ့်စီမံချက်များမှာ ထည့်သွင်းရေးဆွဲဆောင်ရွက်ထားပါကြောင်းနှင့် စီမံချက်အရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်များမှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့တွင် တင်သွင်းခဲ့တဲ့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းမှ အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးဖို့ ဦးဖေသန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော် မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက လွှတ်တော်အခွင့်အရေးကော်မတီရဲ့အစီရင်ခံစာပေါ်မှာ အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၈ အရ ဖွဲ့စည်းထားတဲ့ လွှတ်တော်ရဲ့ အမြဲတမ်းကော်မတီတစ်ခုလည်း ဖြစ်တဲ့ လွှတ်တော်အခွင့်အရေးကော်မတီဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအတွက်သာမက လွှတ်တော်ကြီးတစ်ခုလုံးအတွက်ပါ အလွန်အရေးကြီးတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကို ကော်မတီရဲ့ဥက္ကဋ္ဌအဖြစ်ပါဝင်ဖွဲ့စည်းထားတာကို တွေ့နိုင်ပါတယ်။ ကော်မတီဟာ နိုင်ငံတကာပါလီမန်များရဲ့ ဖိတ်ကြားချက်အရ လေ့လာရေးခရီးစဉ် လေးကြိမ်တိုင်တိုင် သွားရောက်ခဲ့ပြီးဖြစ်လို့ နိုင်ငံတကာ ပါလီမန်များကဲ့သို့ အဆင့်အတန်းရှိတဲ့ပါလီမန်တစ်ခုဖြစ်အောင် လွှတ်တော်ကိုယ်စားလှယ်များနဲ့

လွှတ်တော်တစ်ခုလုံးအတွက် Capacity အရည်အချင်းပိုင်း၊ Facility အထောက်အပံ့ပိုင်းတွေမှာ ဘယ်လိုအားဖြည့်ဆောင်ရွက်သွားမယ်ဆိုတာ အကြံဉာဏ်များရှိပြီး ဖြစ်နေလိမ့်မယ်လို့ ယူဆပါတယ်။ လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ရာဆိုရင် လွှတ်တော်ရဲ့ဥပဒေ၊ နည်းဥပဒေတွေမှာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပြဋ္ဌာန်းနိုင်ဖို့အတွက် လိုအပ်မှာဖြစ်ပါတယ်။ အစီရင်ခံစာအရ ဒီလိုဥပဒေတွေကို ပြဋ္ဌာန်းနိုင်ဖို့အတွက် အချက်အလက်တွေကို ရှာဖွေလေ့လာနေဆဲဖြစ်တယ်လို့ သိရှိရပါတယ်။ ဒါကြောင့် ကော်မတီသက်တမ်း ၁၆ လမှာ အစည်းအဝေးရှစ်ကြိမ် သာခေါ်ယူနိုင်ခဲ့တဲ့ဟာနဲ့အကြိမ်နဲ့ အလုံလောက်ပါဘူး။ အစည်းအဝေးအကြိမ်ကြိမ်ခေါ်ယူပြီးတော့ ကြိုးစားဆောင်ရွက်ဖို့လိုအပ်ကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးဆုံးရှုံးမှုတစ်ရပ်ကို တင်ပြဆွေးနွေးလိုပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(ဈ) အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ လွှတ်တော်အစည်းအဝေးတစ်ကြိမ်မှာ ကြယ်ပွင့်ပြမေးခွန်းငါးခုထက်ပိုပြီးတော့ မေးခွင့်မရှိပါဘူး။ နည်းဥပဒေပုဒ်မ ၁၄၆ မှာတော့ သက်ဆိုင်ရာဝန်ကြီးဌာနဟာ မေးခွန်းတွေကို လက်ခံရရှိပြီးနေ့ကစလို့ ၁၄ ရက်အတွင်းမှာ ဖြေကြားရမယ်လို့ တိတိကျကျပြဋ္ဌာန်းထားပါတယ်။ သို့ပေမဲ့ လက်တွေ့မှာ ဒီလိုဖြစ်မလာပါဘူး။ အစည်းအဝေးကြီးသာ ပြီးဆုံးသွားတယ်။ ဝန်ကြီးဌာနက လာမဖြေပါဘူး။ ဒီတော့ လာမဖြေတဲ့မေးခွန်းတွေကို အစည်းအဝေးမပြီးခင် နောက်လာမယ့်အကြိမ်ကို ပြောင်းရွှေ့ပေးရပါတယ်။ ကျွန်တော်ဆိုရင် ကုန်ခဲ့တဲ့ စတုတ္ထအကြိမ်အစည်းအဝေးမှာ မေးခွန်းတစ်ခုကိုပဲ မေးခွင့်ရပါတယ်။ ကျန်တဲ့မေးခွန်းလေးခုကို ပဉ္စမအကြိမ်ကို ပြောင်းပေးခဲ့ရပါတယ်။ ဒါကြောင့် ဒီအကြိမ်မှာ မေးခွန်းသစ်တစ်ခုကိုပဲ ကျွန်တော့်အနေနဲ့ မေးခွင့်ရပါတယ်။ လက်ကျန်မေးခွန်းတွေမှာဆိုရင် ဒုတိယအကြိမ်မေးခွန်းတစ်ခု၊ တတိယအကြိမ်မေးခွန်းနှစ်ခုပါပါတယ်။ ဒုတိယအကြိမ်ကမေးခွန်းဆိုရင် တစ်နှစ်နီးပါးကြာပြီဖြစ်ပါတယ်။ ဒီလိုအချိန်ကြာလာနဲ့အမျှ မေးခွန်းမေးတဲ့အချိန်ကအခြေအနေနဲ့ လက်ရှိအခြေအနေတွေဟာ ကွာခြားသွားနိုင်တာကြောင့် မေးခွန်းရဲ့တန်ဖိုးကို လျှော့နည်းစေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမေးခွင့်မရတဲ့ ကြယ်ပွင့်ပြမေးခွန်းတွေကို နောက်တစ်ကြိမ်သို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မလွှဲပြောင်းခဲ့လို့ရှိရင် မေးခွန်းကို စာနဲ့ဖြေတာတွေ့ရပါတယ်။ ဥပဒေ၊ နည်းဥပဒေတွေမှာ ကြယ်ပွင့်ပြမေးခွန်းကို ဝန်ကြီးဌာနက ၁၄ ရက်အတွင်း လာရောက်ဖြေဆိုရမယ်ဆိုတာ တိတိကျကျပြဋ္ဌာန်းထားပါလျက်နဲ့ လာတော့မဖြေနိုင်၊ စာနဲ့တော့ဖြေနိုင်တယ်ဆိုတာ မဖြစ်သင့်ပါဘူး။ ကြယ်ပွင့်ပြမေးခွန်းဆိုတာ ဝန်ကြီးဌာနကို လွှတ်တော်ထဲသို့ လာဖြေစေချင်လို့

မေးခြင်း ဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းရဲ့အားသာချက်က (၁) လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းနဲ့ပတ်သက်လို့ သက်ဆိုင်ရာပြည်သူတွေက သိမြင်နိုင်ပါတယ်။ (၂) လွှတ်တော်မှတ်တမ်း စာအုပ်မှာ မှတ်တမ်းဝင်ပါတယ်။ (၃) လိုအပ်လို့ တစ်ဆက်တစ်စပ်မေးပြီးတော့ အဖြေရအောင် ကြိုးစားနိုင်တဲ့အခွင့်အရေးရှိပါတယ်။ စာနဲ့ဖြေတဲ့အခါမှာကျတော့ မေးခွန်းရှင်တစ်ယောက်ပဲ သိခွင့်ပြီး တော့ မဲဆန္ဒရှင်တွေက သိခွင့်မရပါဘူး။ တစ်နိုင်ငံလုံးမှာရှိတဲ့ အများပြည်သူနဲ့ဆိုင်တဲ့မေးခွန်းတွေ ဆိုရင် လွှတ်တော်ထဲမှာလာဖြေမှ အကျိုးရှိမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ လွှတ်တော် ကိုယ်စားလှယ်အများအပြားက မိမိတို့ရဲ့အခွင့်အရေးနစ်နာတယ်လို့ ခံစားနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြောင်းအချက်အနေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅ နဲ့ပတ်သက်လို့ အကြံပြုဆွေးနွေးလိုပါတယ်။ ပုဒ်မ ၆၄ မှာ လွှတ်တော်သည် လိုအပ်သော မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံများကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်လို့ ပြဋ္ဌာန်း ထားပါတယ်။ ဆိုလိုတာက လွှတ်တော်က ခွင့်ပြုတဲ့မြို့နယ်မှာပဲ လွှတ်တော်ရုံးကို ဖွင့်ရမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ ပုဒ်မ ၆၅ မှာတော့ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူ ဖွင့်လှစ်နိုင်ခြင်းမရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ အစီအစဉ်ဖြင့် ဖွင့်လှစ်လို ပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များကိုကျခံ၍ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ လက်တွေ့အခြေအနေမှာတော့ အများအားဖြင့် လွှတ်တော် ကိုယ်စားလှယ်ရုံးများကို ပါတီရုံးနဲ့တွဲဖက်ပြီးဖွင့်ထားရတာဖြစ်လို့ လွှတ်တော်ရုံးမှာ အများပြည်သူ အားလုံးကို ကိုယ်စားပြုနိုင်မယ့်အခက်အခဲ၊ အဟန့်အတားတစ်ခုလို ဖြစ်နေပါတယ်။ ဒါကြောင့် မြို့နယ်တိုင်းဟာ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်သင့်ပြီ ဖြစ်ကြောင်းနဲ့ ပုဒ်မ ၆၄၊ ၆၅ များကို ပြန်လည်ပြင်ဆင်ဖို့ ကော်မတီအနေနဲ့ ကြိုးစားပေးပါလို့ အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုတာကတော့ လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ နစ်နာချက်အခက်အခဲ၊ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို ရရှိအောင်ကြိုးစားဆောင်ရွက်ပေးဖို့ လိုပါတယ်။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေမှာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတွေပြုလုပ်ပြီးတော့ လွှတ်တော်ရဲ့ပုံရိပ်ကို မြင့်မားလာအောင် အစဉ်တစိုက် ကြိုးစား အားထုတ်ပေးဖို့လိုပါတယ်။ အဲဒီအခါမှာ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြလာမှ

လုပ်ပေးမယ်ဆိုတာထက် ကော်မတီကိုယ်၌က ကိုယ်စားလှယ်များနှင့် ထဲထဲဝင်ဝင်တွေ့ဆုံဆွေးနွေးဖို့ အဖြေရှာသင့်ပါကြောင်း အကြံပြုလိုပါတယ်။ ဖြစ်နိုင်ရင်တော့ စည်ပင်တန်းလျားမှာနေရတဲ့ ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံပါတယ်ဆိုတဲ့ လွှတ်တော်ကိုယ်ကြီးများရဲ့အခြေအနေတွေကို ကော်မတီဥက္ကဋ္ဌ ကြီးမှတစ်ဆင့် တစ်ခေါက်တစ်ခါလာရောက်ပြီး စနည်းနာသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် လွှတ်တော်အခွင့်အရေး ကော်မတီအား ဖိတ်ခေါ် ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့ လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာ (၁/၂၀၁၇) ကို ၂-၆-၂၀၁၇ ရက်နေ့မှာကျင်းပတဲ့ ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ်မှာ လွှတ်တော်ကို အစီရင်ခံတင်ပြပြီးဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာ (၁/၂၀၁၇)နဲ့ပတ်သက်ပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များအနေဖြင့် ၅-၆-၂၀၁၇ ရက်နေ့(တနင်္လာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး စာရင်းတင်သွင်းဖို့ ဖိတ်ခေါ်ခဲ့ရာမှာ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းမှ စာရင်းတင်သွင်းပြီး ယခုလွှတ်တော်မှာလည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြည်သူ့လွှတ်တော် လွှတ်တော်ကော်မတီမှလည်း အလေးအနက်ထားပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်သွားတဲ့အခါမှာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၉၁ ပုဒ်မခွဲ(က)၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၅ အရ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအစီရင်ခံစာ (၁/၂၀၁၇) အား ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားများ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားတဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၅-၆-၂၀၁၇ ရက်နေ့မှ အမျိုးလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ်ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၂-၆-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

**ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်တွင်း၌ ထုတ်လုပ်နေသောယူရီးယား ဓာတ်မြေဩဇာများအား အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျထုပ်ပိုးပြီး တောင်သူ များလက်ဝယ်သို့ သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူး ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့(၂၉-၅-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ ပြည်တွင်း၌ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေဩဇာများအား အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျထုတ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ရှစ်ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးအောင်နိုင်(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီ တိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်နိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုကို လေ့လာကြည့်တဲ့အခါမှာ ထုပ်ပိုးမှု၊ ဈေးနှုန်းနှင့် ဖြန့်ဖြူးရောင်းချမှုဆိုပြီး အပိုင်းသုံးပိုင်း တင်ပြထားတာတွေ့ရပါတယ်။ ကျွန်တော့် အနေနဲ့ ဧရာဝတီတိုင်းဒေသကြီးက တောင်သူများရဲ့ကိုယ်တွေ့နဲ့ယှဉ်ပြီး ဆွေးနွေးသွားပါမယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးက ပြည်သူအများစုဟာ စိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်း ပြုကြတဲ့တောင်သူတွေ ဖြစ်ကြပါတယ်။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း တောင်သူများအတွက် ဓာတ်မြေဩဇာဟာ မရှိမဖြစ်လိုအပ်သော သွင်းအားစုဖြစ်ပါတယ်။ ယခင် လမ်းစဉ်ပါတီခေတ်က တောင်သူများအတွက် လိုအပ်တဲ့ဓာတ်မြေဩဇာများကို ကျေးရွာအရောက် ဖြန့်ဖြူးရောင်းချပေးခဲ့ပါ

တယ်။ အဲဒီခေတ်က တောင်သူများကို စိုက်ဇကေအလိုက် ခွဲတမ်းနဲ့ရောင်းချပေးတာဖြစ်ပါတယ်။ ထိုစဉ်က ရောင်းချတဲ့ဓာတ်မြေသြဇာများဟာ ထုတ်ပိုးမှုကောင်းမွန်တဲ့အတွက် အလေအလွင့်နည်းပါးပြီး ထိရောက်စွာအသုံးပြုနိုင်ခဲ့ကြပါတယ်။ ဒ့ါအပြင် အသုံးပြုပြီးတဲ့အိတ်ခွံများကို စနစ်တကျဆေးကြောသန့်စင်ပြီး ဆန်၊ စပါး စသည်တို့ကို သယ်ဆောင်ရန်၊ သိုလှောင်ရန်အဖြစ် အသုံးပြုကြရပါတယ်။ ထို့အပြင် အချို့တောင်သူများဟာ ဓာတ်မြေသြဇာအိတ်ခွံများကို စနစ်တကျပြင်ဆင်ချုပ်လုပ်ပြီး လုပ်ငန်းခွင်မှာသုံးတဲ့ မိုးကာအင်္ကျီအဖြစ်တောင် အသုံးပြုခဲ့ကြရပါတယ်။ ယခုအခါမှာတော့ ထုပ်ပိုးမှုများ ညံ့ဖျင်းလာမှုကြောင့် တောင်သူများဟာ ဓာတ်မြေသြဇာ ငါးအိတ်ဝယ်လျှင် အနည်းဆုံး နှစ်အိတ်ခန့် အပေါက်အပြဲပါတတ်ကြပါတယ်။ ထိုကဲ့သို့ ထုတ်ပိုးမှုညံ့ဖျင်းမှုများကြောင့် တောင်သူများမှာ (၁) အလေးချိန်အပြည့်အဝမရရှိခြင်း၊ (၂) အိတ်ခွံများပေါက်ပြဲမှုများကြောင့် ဓာတ်မြေသြဇာများ အေးခဲခဲပြုပြီး အရည်အသွေးမပြည့်မီခြင်းတို့ကို ကြုံတွေ့ကြရပါတယ်။ ထိုသို့အရည်အသွေးမပြည့်ဝသော ဓာတ်မြေသြဇာများကို အသုံးပြုရသဖြင့် စပါးအထွက်နှုန်းများ လျော့ကျခြင်း၊ ထွက်ရှိသော စပါးများမှာလည်း အရည်အသွေးမပြည့်ဝခြင်းတို့ကြောင့် တောင်သူများမှာ ငွေကုန်ကြေးကျများသလောက် အကျိုးမခံစားကြရဘဲ အရှုံးပေါ်နေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေက တောင်သူများက ပြောကြပါတယ်။ ကန်ကြီးထောင့်ဓာတ်မြေသြဇာစက်ရုံက ထုတ်တဲ့ဓာတ်မြေသြဇာဟာ အရည်အသွေးအင်မတန်ကောင်းမွန်ပါတယ်။ သို့ရာတွင် ထုတ်ပိုးမှုအားနည်းချက်ကြောင့် အသုံးပြုတဲ့နေရာမှာ အဆင်မပြေဖြစ်နေကြရပါတယ်။ ထို့ကြောင့် ထုပ်ပိုးမှုကောင်းမွန်အောင် ပြင်ဆင်ထုတ်လုပ်ပြီး ထုတ်ပိုးမှုအတွက် ကုန်ကျစရိတ်ကို သင့်တော်သလို ထည့်တွက်ပြီး ရောင်းချပေးနိုင်ပါက လွန်စွာအဆင်ပြေနိုင်ကြောင်း ပြောဆိုကြပါတယ်။ ဆက်လက်ပြီး ဖြန့်ဖြူးမှုအပိုင်းကို ကြည့်မယ်ဆိုရင်လည်း အားနည်းချက်တွေ တွေ့နေရပါတယ်။ ပြည်တွင်းစက်ရုံတွေက ထုတ်လုပ်လိုက်တဲ့ဓာတ်မြေသြဇာတွေကို ကျွန်တော်တို့တောင်သူတွေ အလွယ်တကူဝယ်ယူသုံးစွဲခွင့်မရကြပါဘူး။ ပြင်ပမှာရှိတဲ့ ပုဂ္ဂလိကဈေးကွက်မှာပဲ ဝယ်ယူသုံးစွဲနေကြရပါတယ်။ ဒါကြောင့် တောင်သူများဟာ ဈေးကွက်ထဲမှာ အလွယ်တကူဝယ်ယူရရှိနိုင်တဲ့ ပြင်ပက တင်သွင်းတဲ့ဓာတ်မြေသြဇာများကိုပဲ ဈေးကြီးပေးပြီးတော့ ဝယ်သုံးနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်မြှင့်တင်ရေးဥပဒေရဲ့ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာ ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူ

လယ်သမားများအား နည်းပညာသွင်းအားစုနဲ့ ထုတ်လုပ်မှုလုပ်ငန်းစဉ်တို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုး ပေးနိုင်ရန် စီမံဆောင်ရွက်ရန်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများ လိုအပ် နေတဲ့ ထုပ်ပိုးမှုကောင်းမွန်ပြီး အရည်အသွေးပြည့်ဝတဲ့ ဓာတ်မြေဩဇာသွင်းအားစုများကို လွယ်ကူ အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရန် နိုင်ငံတော်မှ သင့်တော်သလို စီစဉ်ဆောင်ရွက်ပေးသင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံက ထုတ်လုပ်တဲ့ဓာတ်မြေဩဇာများဟာ ပြည်တွင်းမှာ ဈေးကွက် အခိုင်အမာရှိပြီးသားဖြစ်ပါတယ်။ သို့ရာတွင် ယခုနှစ် စက်ရုံအသီးသီးမှထုတ်လုပ်လိုက်သော ဓာတ်မြေဩဇာအိတ်အရေအတွက်မှာ ၁၆၅၀၀၀၀ ကျော်ခန့် ထုတ်လုပ်ထားပြီးဖြစ်တယ်လို့ သိရပါ တယ်။ ဈေးကွက်ရဲ့လိုအပ်ချက်နဲ့ ရာခိုင်နှုန်းအနည်းငယ်လောက်ကိုပဲ ထုတ်လုပ်နိုင်ပါသေးတယ်။ ထို့ကြောင့်ဈေးကွက်ရဲ့လိုအပ်ချက်ကို ပြင်ဆင်ပြီး အလုံအလောက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဆိုပါ က အရှုံးပေါ်နေသော စက်ရုံများရဲ့အခြေအနေလည်း ပြန်လည်ကောင်းမွန်လာနိုင်ပြီး တောင်သူ လယ်သမားများရဲ့လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးရာရောက်ပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ပေး မည်ဆိုပါက ပြည်ပမှဓာတ်မြေဩဇာတင်သွင်းမှု လျော့ကျလာနိုင်ပြီး ပြည်ပထုတ်ကုန်တင်သွင်းမှုကို လျှော့ချနိုင်မှာဖြစ်တဲ့အပြင် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုလည်း တိုးမြှင့်ဆောင်ရွက်လာနိုင်မှာဖြစ်ပါ တယ်။ ဒါ့အပြင် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လာ နိုင်မှာဖြစ်ပြီး ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပြီး ဆင်းရဲမှုကို လျှော့ချလာနိုင်မှာလည်းဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ဆန်စပါးလုပ်ငန်း စဉ်ဆက်မပြတ် တိုးတက်ကုန်သွယ်မှု ဖြစ်ပေါ်ရေးကို အားပေးကူညီဖို့အတွက် ပထမဦးဆုံး မြန်မာ့ဆန်လုပ်ငန်းနှီးနှောဖလှယ်ခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံကို ရန်ကုန်မြို့၊ ဆူးလေချန်ဂရီလာဟိုတယ်မှာ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း ကြားသိရပါတယ်။ ရည်ရွယ်ချက်ကတော့ ကမ္ဘာလုံးဆိုင်ရာ ဆန်စပါး ကုန်သွယ်မှုနယ်ပယ်အတွင်း မြန်မာ့ဆန်စပါးထုတ်လုပ်မှုတိုးတက်အရေးပါလာမှုကို အသိအမှတ်ပြုတဲ့ အနေနဲ့ နှီးနှောဖလှယ်ပွဲကို ကျင်းပတာဖြစ်တယ်လို့ဆိုပါတယ်။ သို့ရာတွင် လက်ရှိအခြေအနေမှာတော့ စိုက်ပျိုးရေးထုတ်လုပ်မှုက GDP ရဲ့ ၃၆ ရာခိုင်နှုန်းပဲရှိနေပါသေးတယ်။ ထို့ကြောင့် စိုက်ပျိုးရေး ထွက်ကုန်ထုတ်လုပ်မှုတိုးမြှင့်ပြီး GDP တိုးအောင်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့ တဲ့ဘဏ္ဍာနှစ်က ဆန်စပါးတန်ချိန် ၁.၇ သန်း ပြည်ပကိုတင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်မှာ တန်ချိန်ပေါင်း နှစ်သန်းတင်ပို့ဖို့ မျှော်မှန်းထားကြောင်းနှင့် ပို့ကုန်ဝင်ငွေကိုလည်း ၂၀၂၂ မှာ

ဆန်ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ရရှိဖို့ ဆန်စပါးအသင်းချုပ်က မျှော်မှန်းထားကြောင်း သိရှိရပါတယ်။ ထိုကဲ့သို့သော ရည်မှန်းချက်များပြည့်မီနိုင်ရန် တောင်သူများစိုက်ပျိုးထုတ်လုပ်မှု၊ တိုးတက်မြင့်မားလာစေရေးအတွက် အထွက်တိုးမျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ဖို့နဲ့ ဓာတ်မြေဩဇာအလုံအလောက်ဖြန့်ဖြူးပေးနိုင်ဖို့ လိုအပ်ပါတယ်ခင်ဗျား။ ထို့ကြောင့် တောင်သူများရဲ့ လိုအပ်ချက်ထဲမှ အဓိကသွင်းအားစုတစ်ခုဖြစ်တဲ့ ဓာတ်မြေဩဇာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းတင်သွင်းသော၊ ပြည်တွင်း၌ ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေဩဇာများအား အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျ ထုတ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်ရှိန်(မဘိမ်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန်ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ မင်းဘူးမဲဆန္ဒနယ်က ဦးဝင်းဝင်းတင်သွင်းတဲ့ ပြည်တွင်း၌ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေဩဇာများအား အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျထုတ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းပြည်ဟာ လယ်ယာလုပ်ငန်းကို အဓိကထားတဲ့နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းသောပြည်သူတွေဟာ ကျေးလက်တောရွာတွေမှာ နေထိုင်ပြီးတော့ အများစုတွေဟာလည်း တောင်သူလယ်သမားများ ဖြစ်ကြပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တောင်သူလယ်သမားဖြစ်ခဲ့တာဖြစ်တဲ့အတွက် ကိုယ်တိုင်အတွေ့အကြုံနဲ့နှိုင်းယှဉ်ပြီးတော့မှ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အတိတ်ကိုပြန်ကြည့်တဲ့အခါမှာ ၁၉၈၀ ဝန်းကျင် ကျွန်တော်တို့ မူလတန်းကျောင်းသားဘဝတုန်းကနေပြီးတော့မှ ယူရီးယားမြေဩဇာဆိုတဲ့

ကျွန်တော်တို့ဒေသခေါ် ပုလဲဓာတ်မြေဩဇာကို စတင်သုံးစွဲခဲ့ကြပါတယ်။ အဲဒီတုန်းကတော့ ၂၅ ကီလိုနဲ့ ကျွန်တော်တို့ခုခေတ်ခေါ်ဆိုရင်တော့ တစ်ပိုင်းအိတ်နဲ့သုံးခဲ့ကြတာဖြစ်ပါတယ်။ ပလပ်စတစ်နဲ့ထုတ်ပိုး ထားတာပါ။ ခုနက ဦးစိုးအောင်နိုင်ဆွေးနွေးသလိုပဲ အဲဒီပလပ်စတစ်အိတ်တွေဟာ အရည်အသွေး ကောင်းပြီးတော့မှ သုံးပြီးလို့ရှိရင် ပလပ်စတစ်အိတ်ကို ကောက်စိုက်သမများ ကောက်စိုက်ရင်းခြုံတဲ့ မိုးကာအဖြစ်တောင် သုံးလို့ရပါတယ်။ အရည်အသွေးကလည်း နိုက်ထရိုဂျင်ပါဝင်မှုနှုန်းများတဲ့အတွက် ပထမပိုင်းမှာတော့ တောင်သူများဟာ သဘာဝမြေဩဇာကို သုံးစွဲကြပေမဲ့ နောက်ပိုင်းမှာပုလဲဓာတ်မြေ ဩဇာရဲ့ အရည်အသွေးကို ယုံကြည်တဲ့အတွက် အရင်က တစ်ဧကကို ၃၀၊ ၄၀ လောက်ပဲထွက်တဲ့ လယ်တွေဟာ နောက်ပိုင်းမှာ ဒီမြေဩဇာကို သုံးခြင်းအားဖြင့် ၇၀၊ ၈၀ ထိ အထွက်နှုန်းတိုးလာတဲ့ အတွက် တောင်သူတွေဘဝဟာ တော်တော်လေးကို အဆင်ပြေလာပါတယ်။ ဒီမြေဩဇာတွေကိုလည်း ဟိုအရင်ခေတ်က စိုက်ပျိုးရေးဌာနကနေပြီးတော့မှ ကျွန်တော်တို့ တောင်သူများလက်ဝယ်အရောက်ကို ပို့ဆောင်ပေးပါတယ်။ နောက်ပြီးတော့မှ အကြွေးစနစ်နဲ့လည်း ရောင်းပေးပါတယ်။ သွင်းအားစုတွေဖြစ် တဲ့အခြား ကျွန်တော်တို့ ပုလဲဓာတ်မြေဩဇာကိုသုံးရင်မြေပျက်ပါတယ်။ မြေကျစ်သွားတဲ့အခါမှာ ဒါတွေ ကိုပြန်ပြီးတော့မှ Reform ပြန်လုပ်ဖို့ဆိုပြီးတော့မှ ကျွန်တော်တို့ တီစူပါတို့ ပိုတက်(စ်)တို့ဆိုတဲ့ ကျန်တဲ့ဓာတ်မြေဩဇာတွေကိုလည်း တွဲဖက်ပြီးတော့မှ ရောင်းချပေးခဲ့တာရှိပါတယ်။ တော်တော်ကို အောင်မြင်တဲ့အစီအစဉ်ဖြစ်ပါတယ်။ နောက်ပြီးတော့မှ ၁၉၈၀ ခုနှစ်ဝန်းကျင်ဆိုတာ ရှင်းရှင်းပြောရင် ကျွန်တော်တို့ မဘိမ်းဒေသကို တော်တော်ကိုလမ်းပန်းဆက်သွယ်ရေးခက်ခဲပါတယ်။ ဒီလိုခက်ခဲတဲ့ အရပ်ဒေသကိုတောင်မှ ရောက်အောင်ပို့နိုင်ရင် ဒီနေ့ခေတ်လို လမ်းပန်းဆက်သွယ်ရေးတွေ လွယ်ကူ နေတဲ့ခေတ်မှာ ဒါကိုပြန်ပြီးတော့မှ စဉ်းစားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ နောက်ပြီးတော့မှ သွင်းအားစုဟာ တောင်သူတွေအတွက် အင်မတန်အရေးကြီးပါတယ်။ ဒီဓာတ်မြေ ဩဇာတွေကို အလွယ်တကူရယူသုံးစွဲနိုင်တယ်ဆိုလို့ရှိရင် ၁၉၉၀ ခုနှစ်ဝန်းကျင်လောက်ကစပြီးတော့မှ ကျွန်တော်တို့နိုင်ငံတွင်းမှာထုတ်လုပ်တဲ့ ကျွန်းချောင်းတို့၊ စလေတို့၊ ကျော်စွာတို့ကထုတ်တဲ့ ဓာတ်မြေ ဩဇာတွေကို ကျွန်တော်တို့မမြင်ရတော့ပါဘူး။ အဲဒီတော့ ကျောင်းပြီးလို့ ကျွန်တော်ကိုယ်တိုင်တောင်သူ လုပ်တဲ့ ၁၉၉၄-၁၉၉၅ ခုနှစ်ဝန်းကျင်လောက်က ကျွန်တော်တို့ ဘယ်ဓာတ်မြေဩဇာတွေကို သုံးရသလဲ ဆိုရင် UAE ကထုတ်တဲ့ဓာတ်မြေဩဇာတွေ သုံးရပါတယ်။ တရုတ်နိုင်ငံကထုတ်တဲ့ဓာတ်မြေဩဇာတွေ ကို သုံးရပါတယ်။ အဲဒီအခါမှာ Quality မမီတဲ့ဓာတ်မြေဩဇာတွေကိုသုံးရတဲ့အတွက် အထွက်နှုန်းတွေ ကျလာတာတွေဖြစ်လာပါတယ်။ အမှန်ကတော့ဖြင့် အရည်အသွေးလည်းကောင်းပြီးတော့မှ ကိုယ့်နိုင်ငံ

အတွင်းမှာ ထုတ်လုပ်နိုင်သားနဲ့ ကျွန်တော်တို့ပြည်ထောင်စုလွှတ်တော်မှာ အခု ဓာတ်မြေဩဇာစက်ရုံတွေကို ကုန်ကြမ်းမရနိုင်လို့ ရပ်ထားရတယ်လို့ပြောပါတယ်။ အမှန်ကတော့ ကျွန်တော်တို့ တိုင်းပြည်ဟာ မိုးစပါးဧက ၁၃ သန်းကျော်နဲ့ နွေစပါးဧက နှစ်သန်းကျော် စုစုပေါင်းဆိုလို့ရှိရင် ဧက တစ်နှစ်ကို ၁၅ သန်းကျော်လောက်စိုက်ပါတယ်။ အခုစက်ရုံကထုတ်တာက လက်ရှိထုတ်တာ ၁၆ သိန်းခွဲကျော်လောက်ဆိုတော့ ၁၀ ရာခိုင်နှုန်းလောက်ပဲထုတ်လုပ် နိုင်တဲ့သဘောတရားရှိပါတယ်။ ဈေးကွက်လိုအပ်ချက်အရ အများကြီးရှိပေမဲ့ ပြည့်မီအောင်မထုတ်လုပ်နိုင်တာဟာ တော်တော်ကိုအခြေအနေဆိုးတဲ့သဘော ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုချင်တာကတော့ဖြင့် တကယ်လည်းဈေးကွက်မှာ Quality ကောင်းကောင်းနဲ့ သုံးစွဲတဲ့သူရှိနေတဲ့ပုလဲဓာတ်မြေဩဇာ၊ ယူရီးယားဓာတ်မြေဩဇာတွေကို အစိုးရအနေနဲ့ Package ကောင်းကောင်းလုပ်ပြီးတော့မှ တောင်သူလက်ဝယ်အရောက်ကို ဟိုအရင်စနစ်လိုပဲ ပြန်ပြီးတော့မှ ထုတ်လုပ်ဖြန့်ဖြူးပေးမယ်ဆိုလို့ရှိရင် များစွာအဆင်ပြေသွားမှာဖြစ်ပါတယ်။ နိုင်ငံတကာကနေပြီးတော့မှ ဝယ်ယူတင်သွင်းနေရတဲ့အတွက် ကျွန်တော်တို့ နိုင်ငံခြားငွေနဲ့ဝယ်ရပါတယ်။ ပြည်တွင်းမှာပြည့်မီစွာထုတ်လုပ်ပြီးတော့မှ ဖြန့်ဖြူးပေးမယ်ဆိုရင်ဖြင့် နိုင်ငံခြားလိုငွေပြမှုကိုလည်း သက်သာစေပါမယ်။ နောက်ပြီးတော့မှ ကျွန်တော်တို့ ကုန်သွယ်ရေးလိုငွေပြတာကိုလည်း Balance ချိန်နိုင်မှာဖြစ်တဲ့အတွက် ဒီကိစ္စဟာလည်း အထူးတလည်စဉ်းစားပြီးတော့မှ ရပ်နားထားတဲ့ စက်ရုံတွေကိုလည်း ပြန်ပြီးတော့မှ ဆောင်ရွက်သင့်တယ်လို့ အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်အကြံပြုဆွေးနွေးချင်တာကတော့ဖြင့် ကျေးလက်နေလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြှင့်တင်ရေး နောက်ပြီးတော့မှ၊ တစ်ဧကအထွက်နှုန်းတိုးပြီးတော့မှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုတဲ့ အစီအစဉ်နဲ့ ဒါတွေဟာ များစွာဆက်စပ်မှုရှိပါတယ်။ ဒီအဆိုကို သာမန်ကြည့်မယ်ဆိုရင်တော့ဖြင့် ကျွန်တော်တို့ ပုလဲဓာတ်မြေဩဇာကို အရည်အသွေးမီထုတ်လုပ်ဖို့ဆိုရင်ပဲ ဒါပေမဲ့ ကျွန်တော်တို့ တောင်သူများဘဝနဲ့များစွာ အကျိုးရှိတဲ့အဆိုဖြစ်တဲ့အတွက် ဒါကိုကျွန်တော်ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မင်းဘူးမဲဆန္ဒနယ်က ဦးဝင်းဝင်းတင်သွင်းတဲ့အဆိုကို အလေးအနက်ထောက်ခံဆွေးနွေးရပါကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ ပြည်တွင်း၌ ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေဩဇာများအား အရည်အသွေးကိုထိန်းသိမ်းနိုင်ရန် စနစ်တကျထုပ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်ကိုကြည့်မယ်ဆိုရင် အရည်အသွေးကို ကြာရှည်စွာထိန်းသိမ်းနိုင်ရန်အတွက် စနစ်တကျ ထုပ်ပိုးပြီးဆိုတာကတစ်ပိုင်း၊ နောက်တစ်ပိုင်းကတော့ တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာဖြန့်ဖြူးပေးပါရန်ဟူ၍ နှစ်ပိုင်းတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျေးလက်နေ ၇၀ ရာခိုင်နှုန်းသော လူဦးရေထဲမှာ စိုက်ပျိုးရေးကို မှီခိုအားထားပြီး အသက်မွေးဝမ်းကျောင်းပြုနေကြပါတယ်။ ဆင်းရဲနွမ်းပါးမှုလျော့ကျအောင် ကျေးလက်နေတောင်သူဦးကြီးများရဲ့ ဘဝမြင့်မားတိုးတက်ဖို့ဆိုရင် တောင်သူဦးကြီးများရဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ကောက်ပဲသီးနှံများ၊ သင့်တင့်မျှတဲ့ဈေးနှုန်း၊ တန်ဖိုးရရှိဖို့လည်း ကူညီဆောင်ရွက်ဖို့လိုပါတယ်။ နောက်တစ်ခုက တောင်သူလယ်သမားများရဲ့သွင်းအားစုဖြစ်တဲ့စက်ပစ္စည်း၊ ယန္တရားများ၊ အပင်အားဆေး၊ အသီးအပွင့်အားဆေး၊ ယူးရီယားပုလဲဓာတ်မြေဩဇာ၊ ကွန်ပေါင်းဓာတ်မြေဩဇာတို့ကို အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာဖြင့် အဆင်ပြေချောမွေ့စွာ ဝယ်ယူရန်လည်း လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ကျွန်တော်တို့နိုင်ငံမှာ ဓာတ်မြေဩဇာထုတ်လုပ်တဲ့စက်ရုံ ငါးရုံရှိတယ်လို့ ပြောသွားပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် စက်ရုံသုံးရုံသာ လည်ပတ်နိုင်ပြီး နှစ်ရုံကို မလည်ပတ်နိုင်ဘူးလို့လည်း ပြောသွားပါတယ်။ စက်ရုံကထွက်တဲ့ ယူရီယားပုလဲဓာတ်မြေဩဇာတွေဟာ အရည်အသွေးမညံ့ပါဘူး။ နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်း အပြည့်အဝပါရှိပါတယ်။ သို့သော်လည်း ထုပ်ပိုးမှုကမကောင်း၊ အလေးချိန်ကမပြည့်၊ ဆွဲဆောင်မှုကလည်းမရှိတဲ့အတွက် နောက်ပိုင်းမှာ

တောင်သူများဟာ တရုတ်ပြည်မှထွက်ရှိတဲ့ ယူရီးယားဓာတ်မြေဩဇာများကိုသာ သုံးစွဲနေတာကို တွေ့ရှိရပါတယ်။ ၁၉၉၀ ခုနှစ်မတိုင်ခင်က ပြည်တွင်းမှာထွက်ရှိတဲ့ ယူရီးယားဓာတ်မြေဩဇာကို အလုအယက်ခွဲတမ်းနှင့်သုံးစွဲခဲ့ရပါတယ်။ ပြည့်ပြည့်စုံစုံလုံလုံလောက်လောက် မရရှိခဲ့ပါဘူး။ ဈေးကွက် အတွင်းကို လိုသလောက်မဖြန့်ဝေနိုင်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ အခု နောက်ပိုင်းမှာတော့ တရားအားထုတ် တရုတ်အားထားဆိုသလို တရုတ်ပြည်မှထွက်ရှိတဲ့ ယူရီးယားဓာတ်မြေဩဇာကို အဓိကအားကိုးသုံးစွဲနေကြရပါတယ်။ ဒါတွေဟာ ဘာကြောင့်လဲဆိုတာကိုတော့ ဆန်းစစ်သင့်ပါတယ်။ အဲဒီလို ဆန်းစစ်တဲ့နေရာမှာ ဝယ်လိုအားမကောင်းလို့၊ ဈေးနှုန်းတွက်ခြေ မကိုက်လို့၊ ကုန်ကြမ်းရှားလို့ ပြောကောင်းပြောလာနိုင်ပါတယ်။ အမှန်တကယ် သေသေချာချာဆန်းစစ်မယ်ဆိုလို့ရှိရင် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသော်လည်း သုံးစွဲတဲ့နေရာမှာ အဆင်မပြေမှုတွေ တွေ့လာရပါတယ်။ အဓိကပြဿနာကတော့ ထုတ်ပိုးမှုနည်းစနစ်မကျတာပါ။ အရည်အသွေး ကောင်းမွန်တဲ့ အိတ်ခွံတွေကိုမသုံးဘူး။ အိတ်ကို နှစ်ထပ်မထည့်ဘူး။ နောက်ဆုံးကျတော့ အလေးချိန် တောင် ၅၀ ကီလိုဂရမ်အထိ မပြည့်တော့တာကို တွေ့ရှိရပါတယ်။ ပါကင်ချုပ်တာကလည်း မသေသပ် ဘူး။ နည်းစနစ်ကလည်း မကျနဘူး။ အပေါ်ကဖောက်ရမလို၊ အောက်ကဖောက်ရမလို ဖြစ်နေပါတယ်။ အတွင်းခံအိတ်ကြည့်ပါသော်လည်း ခေါင်းတခြား ဖင်တခြားဆိုသလို ဘေးမှာကပ်နေတယ်။ တစ်ခါတလေ အတွင်းအိတ်က ခေါက်လျက်သားတောင်ပါတာတွေ့ရပါတယ်။ အတွင်းခံအိတ်စနစ် မကျတော့ ရေဒဏ်၊ မိုးဒဏ်၊ လေဒဏ်မခံနိုင်ပါဘူး။ ကြာရှည်မခံဘူး။ သယ်ယူတဲ့နေရာမှာလည်း မကောင်းတော့ အတွင်းမှာပါတဲ့ ယူရီးယားဓာတ်မြေဩဇာတွေက ချပ်ခဲတွေဖြစ်ပြီးတော့ သုံးမယ့်နေရာ မှာဆိုရင် ထုရမလို၊ ထောင်းရမလို နောက်ဆုံးရေနဲ့ဖျော်တောင် ပက်ရမလိုဖြစ်နေပါတယ်။ ဒါကြောင့် ကျေးဇူးရှင်တောင်သူဦးကြီးများက အချိန်ကုန်လူပန်းဖြစ်နေတဲ့အတွက် ပြည်တွင်းဖြစ်ကို အားပေးချင် သော်လည်း ပြည်ပထွက်တရုတ်ပစ္စည်းများကို အားထားနေရပါတယ်။ ဒီနေ့ အကြွေးစနစ်ပေးတာ တောင် တောင်သူများက စိတ်မဝင်စားတော့ပါ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ဒုတိယပိုင်းမှာတော့ တောင်သူ များရဲ့ လက်ဝယ်သို့ သင့်တင့်မျှတတဲ့ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန်လို့ ပါရှိပါ တယ်။ အလေးချိန်လည်းပြည့်မယ်။ ထုပ်ပိုးမှုလည်းကောင်းမယ်။ အရည်အသွေးလည်း ကောင်းမယ် ဆိုရင် သင့်တင့်မျှတတဲ့ဈေးနှုန်းဖြစ်ဖို့လည်း လိုအပ်ပါတယ်။ အဲဒီအခါကျမှ ဈေးနှုန်းမြင့်တက်သွား မယ်ဆိုရင်လည်း မဖြစ်သေးပါဘူး။ အရေးအကြီးဆုံးကတော့ အဆင်ပြေချောမွေ့စွာ တောင်သူတွေ

လက်ထဲ ဖြန့်ဖြူးနိုင်ဖို့လိုပါတယ်။ ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတုန်းကလို ခွဲတမ်းနှင့် ဝယ်ရဖို့အရေး ကျေးရွာဥက္ကဋ္ဌထောက်ခံချက်ယူရ၊ စိုက်ပျိုးရေးမန်နေဂျာလက်မှတ်ယူရနဲ့ဆိုလည်း မဖြစ်သေးပါဘူး။ ဈေးကွက်စီးပွားရေးခေတ်မှာ တောင်သူတွေဟာ တရုတ်ပြည်မှ ယူရီးယားဓာတ်မြေဩဇာများကို လွတ်လွတ်လပ်လပ်ကြိုက်သလောက်ဝယ် ကျသလောက်ရှင်းနဲ့ ဝယ်လို့ရနေပါပြီ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အဆိုရှင်ပြောသလို အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျထုပ်ပိုးပြီး သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဈေးကွက်အတွင်း တောင်သူလက်ထဲသို့ ဖြန့်ဖြူးရောင်းချနိုင်မယ်ဆိုရင် ပြည်ပထွက်ဝင်ငွေတွေလည်း လျော့နည်းလာမယ်။ တောင်သူတွေအတွက်လည်း အကျိုးရှိလာမှာဖြစ်တဲ့အတွက် မင်းဘူးမဲဆန္ဒနယ်က ဦးဝင်းဝင်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်တင်လင်း(နတ်မောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သရင်း ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း တင်သွင်းသွားသော ပြည်တွင်း၌ ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေဩဇာများအား အရည်အသွေးကိုထိန်းသိမ်းရန် စနစ်တကျထုပ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်မှာ ခေတ်ပညာတတ်လူငယ်တစ်ဦးဖြစ်ပြီး တောင်သူလုပ်ငန်းကိုလည်း ကိုယ်တိုင်ကိုယ်ကျလက်တွေ့လုပ်ကိုင်သူတစ်ဦးဖြစ်၍ ကျေးဇူးရှင်တောင်သူလယ်သမားများရဲ့လိုအပ်ချက်များကိုလည်း ကောင်းစွာသိရှိနားလည်သူတစ်ဦးဖြစ်ကြောင်း သိရပါတယ်။ ဒါ့အပြင် အဆိုမှာ တောင်သူလယ်သမားများ၏ လူနေမှုဘဝမြင့်မားလာစေရန်၊ ကြီးပွားတိုးတက်စေရန် ကောင်းမွန်သည့် ရည်ရွယ်ချက်များကြောင့် ကျွန်တော့်အနေဖြင့် အဆိုကို ဝင်ရောက်ဆွေးနွေးရခြင်း

ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများမှာ ဈေးကွက်ဝင်သီးနှံမျိုးစုံကို စိုက်ပျိုးထုတ်လုပ်သည့်အခါ အောင်မြင်ဖြစ်ထွန်းပြီး အရည်အသွေးပြည့်ဝသည့် သီးနှံများရရှိနိုင်ရန် သွင်းအားစုအားဖြစ်သည့် စိုက်ပျိုးစရိတ်ချေးငွေ၊ မျိုးကောင်းမျိုးသန့်၊ ဓာတ်မြေဩဇာ၊ အပင်အားဆေး၊ အသီးအပွင့်အားဆေး၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးမျိုးစုံကို အသုံးပြုရကြောင်း အဆိုရှင်က တင်ပြထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ စိုက်ပျိုးစရိတ်ချေးငွေအကြောင်းအနည်းငယ် တင်ပြလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရက စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံချေးတဲ့အခါမှာ နှစ်ချင်းပြန်ဆပ်တဲ့စနစ်နဲ့ ချေးငှားတာ တောင်သူများအတွက် အဆင်မပြေရာဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေကို ကာလတို၊ ကာလလတ်၊ ကာလရှည် ချေးငွေများဖြင့်ချေးပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော်လိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ဓာတ်မြေဩဇာစက်ရုံငါးရုံရှိသော်လည်း သုံးရုံသာလည်ပတ်နိုင်ပြီး နှစ်ရုံမှာ မလည်ပတ်နိုင်ကြောင်း စက်ရုံများမှထွက်ရှိသော ဓာတ်မြေဩဇာများမှာလည်း တောင်သူများလက်ဝယ်သို့မရောက်ရှိဘဲ အမြတ်ကြီးစားကုန်သည်ပွဲစားများထံသို့သာ အတိုင်းအဆမရှိရောက်ရှိသွားကြောင်း အဆိုရှင်မှ မချိတင်ကဲ ရင်နာနာဖြင့် တင်ပြထားတာကို တွေ့ရပါတယ်။ ထို့အပြင် အိမ်နီးချင်းနိုင်ငံများမှ မြေဩဇာများကိုလည်း ဈေးနှုန်းကြီးမြင့်စွာဖြင့် ကုန်သည်များထံမှတစ်ဆင့် ဝယ်ယူသုံးစွဲနေရကြောင်းလည်း တင်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ပြည်တွင်းမှ ဓာတ်မြေဩဇာစက်ရုံကို ငါးရုံစလုံးလည်ပတ်စေပြီး ထွက်ရှိသည့်ဓာတ်မြေဩဇာများကို အရည်အသွေးထိန်းသိမ်းရန် စနစ်တကျထုပ်ပိုးစေပြီး တောင်သူများလက်ဝယ်သို့ သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ပါရန် အမှန်တကယ်လိုအပ်နေကြောင်း ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံကို မည်သည့်စနစ်ဖြင့် ကျင့်သုံးကြောင်းအလွယ်တကူသိရှိနိုင်တဲ့နည်းကတော့ အုပ်ချုပ်သူနှင့်အုပ်ချုပ်ခံ တစ်နည်းအားဖြင့် အစိုးရနှင့် ပြည်သူတို့၏ အဆင့်အတန်းကိုကြည့်၍ သိနိုင်ပါတယ်။ အစိုးရက ချမ်းသာပြီး ပြည်သူအများစုက ဆင်းရဲနေပြီဆိုလျှင် အဆိုပါနိုင်ငံမှာ အာဏာရှင်စနစ်ကို ကျင့်သုံးသည့်အာဏာရှင်နိုင်ငံဟု ခေါ်ဆိုရပါမယ်။ ပြည်သူအများစုက ချမ်းသာပြီး အစိုးရက မွဲနေပြီဆိုပါက အဆိုပါနိုင်ငံမှာ ဒီမိုကရေစီစနစ်နိုင်ငံဖြစ်သည်ဟု သတ်မှတ်ဖြစ်ကြောင်းလေ့လာမှတ်သားဖူးပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီ

ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးပါမည်ဟု ကြွေးကြော်ထားပါသဖြင့် နိုင်ငံတော်၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိသော တောင်သူလယ်သမားများ၏ဘ၀ အဆင်ပြေချမ်းသာစေနိုင်ရန်အတွက် တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမှာဖြစ်ပါတယ်။ ထိုကြောင့် မင်းဘူး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၏ တောင်သူလယ်သမားများ၏ လိုအပ်ချက်များစွာထဲမှ တစ်စိတ်တစ်ပိုင်းကို ဖြည့်ဆည်းပေးနိုင်ပါရန်အတွက် တင်သွင်းသောအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း တင်သွင်းခဲ့တဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ဦးဆောင်အဖွဲ့မှ ပံ့ပိုးကူညီပေးရမယ့်အရာတွေကို တောင်သူလယ်သမားတွေရရှိအောင် စေတနာကောင်းနဲ့ တင်သွင်းခဲ့တဲ့အဆိုဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတော်ရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ တောင်သူလယ်သမားတွေရဲ့ စီးပွားရေးဖွံ့ဖြိုးမှုဟာ ရေမြင့်ရင် ကြာတင့်သလို နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ထပ်တူကျနေပါတယ်။ မြန်မာနိုင်ငံကထွက်တဲ့ဆန်စပါးဟာ တစ်ချိန်က ကမ္ဘာပေါ်မှာ ထိပ်တန်းအရည်အသွေးရှိခဲ့ရာက နောက်ပိုင်းနှစ်တွေမှာတော့ အရည်အသွေးကျဆင်းလာခဲ့ရပါတယ်။ ဒါကိုလေ့လာရင် စိုက်ပျိုးရေးနည်းစနစ် စံကိုက်မျိုးစပါးဟာ အဓိကကျသလို သွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေရဲ့ အရည်အသွေးအာမခံမှုနည်းပါးမှုကြောင့်လည်း ဖြစ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံအနှံ့အပြားမှာ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံက တရားဝင်ရော၊ တရားမဝင်ရော ဝင်ရောက်နေတဲ့ ယူရီးယားဓာတ်မြေဩဇာဟာ ကြော်ငြာအား ကောင်းမွန်ခြင်း၊ တောင်သူလယ်သမားကြီးများလက်ဝယ်သို့ တိုက်ရိုက်ရောင်းချခြင်း၊ ထုတ်ပိုးမှုစနစ်ကျ

ကောင်းမွန်ခြင်းကြောင့် အလေအလွင့်နည်းပါးခြင်း၊ ခေါက်ပြန်ကြေးလို့ခေါ်တဲ့ အကြွေးဝယ်ယူခွင့်ရရှိခြင်းတို့ကြောင့် တောင်သူလယ်သမားတွေ တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြရသော်လည်း တစ်အိတ်ကို ၂၄၀၀၀ ကျပ်၊ ၂၅၀၀၀ ကျပ်လောက်အထိ ဈေးနှုန်းမြင့်မားစွာဝယ်ယူနေရတဲ့အတွက် ထိခိုက်နစ်နာနေရတဲ့သူတွေဟာ တောင်သူလယ်သမားတွေပဲဖြစ်ပါတယ်။ သွင်းအားစုဈေးနှုန်းမြင့်လာရင် ထုတ်ကုန်ဈေးနှုန်းမြင့်လာနိုင်သလို၊ ဓာတ်မြေဩဇာအရည်အသွေးညံ့လာရင် ဆန်စပါးအရည်အသွေးညံ့လာမှာဖြစ်ပါတယ်။ ဒီ့ထက်အရေးကြီးတာကတော့ မြေဆီဩဇာပျက်စီးဆုံးရှုံးမှုဟာ တိုင်းပြည်ရဲ့အနာဂတ်ဖြစ်ပြီး ရေရှည်စိုက်ပျိုးစီးပွားမှုဝါဒကို ထိခိုက်လာနိုင်ပါတယ်။ ယခင် ၁၉၈၈ ခုနှစ်မတိုင်မီ အစိုးရထုတ်ထုတ်ပိုးမှုကောင်းတဲ့ ပုလဲခေါ်တဲ့ ယူရီးယားဓာတ်မြေဩဇာ သုံးစွဲခဲ့စဉ်က မြန်မာ့ဆန်စပါးအရည်အသွေးဟာ ကမ္ဘာကအသိအမှတ်ပြုခဲ့တာ အထင်အရှားဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မူလအဆိုရှင် တင်ပြသွားတဲ့နေရာမှာ ထုတ်လုပ်မှုအပိုင်းနှင့် ဖြန့်ဖြူးရေးအပိုင်းဆိုပြီး နှစ်ပိုင်းပါဝင်တာ တွေ့ရပါတယ်။ ပထမထုတ်လုပ်မှုအပိုင်းမှာ အရည်အသွေးထိန်းသိမ်းဖို့အတွက် စနစ်တကျထုတ်ပိုးခြင်းဟာ အထူးလိုအပ်သလို ဖော်ပြပါပစ္စည်းပါဝင်မှုမှန်ကန်ဖို့လိုခြင်း၊ ပစ္စည်းအတုတွေကို ဖော်ထုတ်အရေးယူခြင်း၊ မှတ်ပုံတင်ပြီးတင်သွင်းတဲ့ဓာတ်မြေဩဇာဖြစ်ဖို့လိုခြင်းဆိုတဲ့အပိုင်းတွေဟာလည်း အလွန်အရေးကြီးပါတယ်။ ဒုတိယပိုင်းအနေနဲ့ တောင်သူလယ်သမားများလက်ဝယ်သို့ သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာဖြန့်ဖြူးပေးရေးဆိုတဲ့အပိုင်းဟာ ဈေးကွက်တည်ငြိမ်မှုကိုဖြစ်စေပါတယ်။ ဒါ့အပြင် ထပ်မံအကြံပြုလိုတာကတော့ ကျမတို့နိုင်ငံက ပစ္စည်းအရည်အသွေးကောင်းတွေထုတ်လုပ်နိုင်ပြီဆိုရင် စီးပွားရေးလက်ဝါးကြီးအုပ်မှုဖြစ်တဲ့ မှောင်ခိုဈေးကွက်ကိုရောက်ရှိသွားခဲ့ဖူးတဲ့ သာဓကတွေ များစွာရှိခဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်တဲ့ စိုက်ပျိုးရေးဌာနကတာဝန်ယူပြီး တိုက်ရိုက်ဝယ်ယူနိုင်တဲ့စနစ်ကို စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးချိန်မှာ သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ဖြန့်ဖြူးပေးနိုင်ဖို့ အထူးလိုအပ်မယ်လို့ ထင်ပါတယ်။ ဒါဆိုရင် အုပ်ချုပ်ရေးအပိုင်းရော၊ လွှတ်တော်ကိုယ်စားလှယ်များကပါ ထိန်းကျောင်းကြပ်မတ်နိုင်မှာဖြစ်ပါတယ်။

အဆိုရှင်တင်ပြမှုမှာ မပါဝင်ပေမဲ့ အရေးကြီးတဲ့အပိုင်းတစ်ပိုင်းရှိပါတယ်။ အဲဒါကလည်း သုံးစွဲမှုအပိုင်းဖြစ်ပါတယ်။ တာဝန်ယူဖြန့်ချိတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ကျေးရွာများအရောက် နည်းပညာအသိပညာပံ့ပိုးပေးပြီး ဓာတ်မြေဩဇာ အတု၊ အစစ်ခွဲခြားနည်း၊ အချိန်အဆမှန်ကန်စွာသုံးစွဲနည်း

မြေအမျိုးအစားအလိုက် ဓာတ်ခွဲစမ်းသပ်ခြင်းနည်းတွေကိုလည်း ပံ့ပိုးပေးရန်လိုအပ်သလို ပညာရှင်တွေလည်း ခန့်ထားပေးဖို့ လိုမယ်လို့ စေတနာထား အကြံပြုပါရစေရှင့်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်အနေနဲ့ စနစ်တကျထုတ်ပိုးဖြန့်ဖြူးခြင်းကြောင့် တောင်သူလယ်သမားတွေအတွက် ဈေးနှုန်းအနည်းငယ်မြင့်မားသွားမှာကို စိုးရိမ်တဲ့စေတနာကို မြင်ရပါတယ်ရှင့်။ လောလောဆယ်အရှုံးခံပြီး ထုတ်လုပ်ရောင်းချနေရသော်လည်း အကျိုးဆက်များရရှိလာတဲ့အခါ တိုးတက်မြင့်မားလာနိုင်တဲ့ ကုန်ထုတ်လုပ်မှုတွေကြောင့် အခွန်အကောက်တွေ ပိုမိုရရှိလာနိုင်ပါတယ်။ ပြည်ပကို တရားဝင်၊ တရားမဝင်ထွက်နေတဲ့ ထွက်ငွေတွေကိုလည်း ဟန့်တားနိုင်ပါမယ်။ ဈေးကွက်လိုအပ်ချက်အရ ပိုပြီးထုတ်လုပ်နိုင်တဲ့အခါ ပြည်တွင်းထုတ်လုပ်မှုဝင်ငွေတွေ တိုးတက်လာနိုင်သလို အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိလာနိုင်တယ်ဆိုတဲ့ ရေရှည်အကျိုးစီးပွားတွေ ဆက်တိုက်ရရှိလာမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် တင်ပြရရင် မိဘက သားသမီးတွေကို အနစ်နာခံပြုစုစောင့်ရှောက်သလို မိဘနဲ့တူတဲ့ ပြည်ထောင်စုအစိုးရအနေနဲ့ အဘက်ဘက်က နိမ့်ကျနေတဲ့ ကျွန်မတို့တောင်သူလယ်သမားတွေရဲ့ဘဝမြင့်မားရေးအတွက် လောလောဆယ် ရင်းနှီးမြှုပ်နှံပေးပြီး သားသမီးက မိဘကို တစ်ဖန်ပြန်လည်ပြုစုသလို တောင်သူလယ်သမားတွေရဲ့ စီးပွားရေးတွေ ပြန်မြင့်လာရင်နိုင်ငံတော်ရဲ့စီးပွားရေးတွေ ပြန်ပြီးမြင့်လာမှာဖြစ်တဲ့အတွက် ယခုအဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်က ဦးနေထက်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပြီး မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လောကလူသားတွေ အသက်ရှင်ရပ်တည်နိုင်ဖို့၊ အာဟာရပြည့်ဝတဲ့အစားအစာတွေ စားသုံးဖို့လိုအပ်သလို အပင်တွေရှင်သန်ကြီးထွားဖို့အတွက်ဆိုရင်လည်း အာဟာရဓာတ်တွေ လိုအပ်တာဖြစ်ပါတယ်။ အပင်တွေကောင်းစွာရှင်သန်နိုင်ဖို့ စုစုပေါင်း ဒြပ်စင် ၁၆ မျိုးလိုအပ်ပြီး လိုအပ်တဲ့ပမာဏအနည်းအများအလိုက် အုပ်စုသုံးစုခွဲခြားထားတယ်ဆိုတာကိုလည်း သိကြပါလိမ့်မယ်။ အဲဒီအထဲကမှ အဓိကအများဆုံးလိုအပ်တဲ့ အာဟာရအုပ်စုက

တော့ MPK လို့ အများသိကြတဲ့ နိုက်ထရိုဂျင်၊ ဖော့စဖိတ်နှင့် ပိုတက် တို့ပဲဖြစ်ပါတယ်။ အဲဒီသုံးမျိုးထဲက တစ်မျိုးမျိုးချို့ယွင်းခဲ့လျှင် အပင်ကောင်းစွာမရှင်သန်နိုင်သလို သုံးမျိုးစလုံးချို့တဲ့လျှင်တော့ အပင်ဖြစ်ထွန်းဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။ အဆိုရှင်တင်ပြခဲ့တဲ့ ယူရီးယားဟာ အေမိုက် နိုက်ထရိုဂျင်အမျိုးအစားဖြစ်ပြီး နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်းအထိ ပါဝင်ပါတယ်။ နိုက်ထရိုဂျင်ဓာတ်ရရှိဖို့ ယူရီးယားဓာတ်မြေသြဇာကို အသုံးပြု သုံးစွဲကြရပြီး ပုလဲလုံးလေးတွေနဲ့ အလားသဏ္ဍာန်တူတာကြောင့် ပုလဲဓာတ်မြေသြဇာဆိုပြီး ကျွန်တော်တို့နိုင်ငံမှာ ခေါ်တွင်လာတာပဲဖြစ်ပါတယ်။ ဒီယူရီးယားခေါ် ပုလဲဓာတ်မြေသြဇာကို ဂျာမန်ပြည်သား ဂျူးလူမျိုး ဓာတုဗေဒပညာရှင် ဖရစ်ဟာဗာက စတင်တီထွင်ထုတ်လုပ်ခဲ့တာဖြစ်ပြီး အမိုးနီးယားဓာတ်ငွေ့နှင့် ကာဗွန်ဒိုက်အောက်ဆိုဒ်ဓာတ်ငွေ့ကို ဖိအားပြင်းပြင်း အပူရှိန်မြင့်မြင့်ပေးပြီးတော့ ပြုလုပ်ရတာဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ကိုင်ကြသူများဟာ အပင်တွေကြီးထွားရှင်သန်ဖို့ ယူရီးယားဓာတ်မြေသြဇာကို ဝယ်ယူအသုံးပြုကြပြီး ကျွန်တော်တို့နိုင်ငံမှာတော့ စပါးစိုက်ပျိုးရာမှာ အဓိကထားပြီးတော့ အသုံးပြုကြပါတယ်။ သာမန်အားဖြင့်ဆိုလို့ရှိရင် အပင်ရဲ့အမြစ်ကနေ နိုက်ထရိုဂျင်တိုက်ရိုက်ရယူနိုင်ခြင်းမရှိပါဘူး။ မြေကြီးထဲမှာရှိနေတဲ့ နိုက်ထရိုဂျင်ကို ဖမ်းယူခဲ့တဲ့ ဘတ်တီးရီးယားများ (Nitrogen Fixing Bacteria)ရဲ့ အကူအညီဖြင့်သာ ရယူနိုင်ပါတယ်။ ဒါကြောင့် ယူရီးယားဓာတ်မြေသြဇာထုတ်လုပ်တဲ့နေရာမှာ အပင်ရဲ့အမြစ်ကနေ စုပ်ယူနိုင်တဲ့အနေအထားဖြစ်အောင် စက်ရုံကနေ တစ်ခါတည်းလုပ်ဆောင်ပေးထားရပါတယ်။ စိုက်ပျိုးလုပ်ကိုင်ကြတဲ့ တောင်သူတွေဟာ ပြည်ပကတင်သွင်းတဲ့ ယူရီးယားဓာတ်မြေသြဇာတွေထက် နိုင်ငံပိုင်စက်ရုံတွေကနေထုတ်တဲ့ ယူရီးယားဓာတ်မြေသြဇာကို ပိုပြီးတော့နှစ်ခြိုက်ကြပါတယ်။ တကယ်လည်း အရည်အသွေးအားဖြင့် အထူးကောင်းမွန်ပါတယ်။ သို့ပေမဲ့ ထုတ်ပိုးမှုစနစ်တကျမရှိတာကြောင့် အဆိုရှင်တင်ပြခဲ့သလို အရည်အသွေးကိုကောင်းစွာမထိန်းသိမ်းနိုင်ဘဲ ဓာတ်ပြန်တာတွေ၊ အခဲတွေဖြစ်နေတာကြောင့် အလွယ်တကူထုချေ၍မရခြင်းတွေ ကြုံတွေ့လာရပြီး နောက်တစ်ခုက လုံလောက်စွာမရရှိတာကြောင့်လည်း ပြည်ပကတင်သွင်းတဲ့ဓာတ်မြေသြဇာတွေကို ဈေးကြီးကြီးနှင့်ပေးပြီးတော့ ဝယ်ယူသုံးစွဲနေကြရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်တုန်းက နိုင်ငံပိုင်ဓာတ်မြေသြဇာစက်ရုံတွေကနေ ယူရီးယားဓာတ်မြေသြဇာကို ပြည်တွင်းသုံးအတွက် ဘယ်အချိန်မှာ အပြည့်အဝထုတ်လုပ်ပေးနိုင်မလဲဆိုပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးခွန်းမေးမြန်းထားခဲ့ဖူးပါတယ်။ ဒါကို ပြည်ထောင်စုဝန်ကြီးက ယခင်အမည် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းသုံးဖို့အတွက်ဆိုလို့

ရှိရင် ကုန်းတွင်းသဘာဝဓာတ်ငွေ့ကုဗပေ ၆၄ သန်းနှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၂၀၀ စုစုပေါင်း ၂၆၄ သန်းကို လျှပ်စစ်ကဏ္ဍအတွက် ၆၁ ရာခိုင်နှုန်း၊ ဘိလပ်မြေစက်ရုံအတွက် ၁၇ ရာခိုင်နှုန်း၊ ဓာတ်မြေသြဇာစက်ရုံတွေအတွက် ၉.၅ ရာခိုင်နှုန်း၊ ရေနံချက်စက်ရုံအတွက် ၃ ရာခိုင်နှုန်း၊ CNG မော်တော်ယာဉ်များအတွက် ၇.၅ ရာခိုင်နှုန်း၊ အခြားကုန်ထုတ်လုပ်ငန်းများအတွက် ၂ ရာခိုင်နှုန်း သုံးစွဲလျက်ရှိပြီး ကုန်းတွင်းသဘာဝဓာတ်ငွေ့အစား ကမ်းလွန်သဘာဝဓာတ်ငွေ့ကို အသုံးပြုပြီး ယူရီးယားဓာတ်မြေသြဇာထုတ်လုပ်မယ်ဆိုလို့ရှိရင် စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းထားတာရှိပါတယ်။ သဘာဝဓာတ်ငွေ့ကို အသုံးပြုပြီး ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်တာကြောင့် ကုန်ကျစရိတ်ကြီးမားပြီး အရှုံးပေါ်နေတယ်ဆိုလို့ရှိရင်လည်း အဆိုရှင် တင်ပြခဲ့သလို ထုတ်ပိုးမှုတွေပြင်မယ်။ အရည်အသွေးကောင်းအောင်လုပ်မယ်။ သင့်တင့်တဲ့ဈေးနှုန်းပြုပြင်ပြီး ဈေးကွက်ရဲ့လိုအပ်ချက်အတိုင်း ဖြန့်ဖြူးရောင်းချခဲ့မယ်ဆိုလို့ရှိရင် နိုင်ငံတော်အတွက်လည်းမနစ်နာ တောင်သူတွေအတွက်လည်း အဆင်ပြေမှာဖြစ်ပါတယ်။

ယူရီးယားဓာတ်မြေသြဇာကို အိမ်နီးချင်း တရုတ်နိုင်ငံက အများဆုံးထုတ်လုပ်တာတွေ့ရပြီး အသုံးပြုမှုမှာလည်း အများဆုံးပါ။ တစ်နေ့ကို တန်ချိန် ၃၀၀၀၊ ၄၀၀၀ ကျ စက်ရုံတွေများစွာရှိနေပြီးတော့ သူ့နိုင်ငံရဲ့လိုအပ်ချက်ကို ကောင်းစွာဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ မူလကဓာတ်မြေသြဇာစက်ရုံငါးရုံရှိပြီး ယခုအခါမှာတော့ စလေ၊ မြောင်းတကာနှင့် ကန်ကြီးထောင့် စက်ရုံတို့မှာသာ ယူရီးယားဓာတ်မြေသြဇာကို ထုတ်လုပ်လျက်ရှိပေမဲ့ ပြည်တွင်းအတွက် ဖူလုံအောင် မထုတ်လုပ်နိုင်ပါ။ နိုင်ငံခြားတိုင်းပြည်တွေကနေ နှစ်စဉ် မှာယူတင်သွင်းနေကြရတာဖြစ်ပါတယ်။ ကုန်ကျစရိတ်မြင့်မားတာကြောင့် ပြည်တွင်းလိုအပ်ချက်ကို လုံလောက်အောင် ထုတ်လုပ်ဖို့မလွယ်ကူပေမဲ့ အရည်အသွေးကောင်းမွန်ကောင် ထုတ်လုပ်လို့ရပါတယ်။ သင့်တော်တဲ့ဈေးနှုန်းတိုးကာ ထုတ်ပိုးမှုမြှင့်တင်လိုက်မယ်ဆိုလို့ရှိရင် အငွေ့ပြန်ခြင်း၊ ထုချေမရအောင် ခဲနေတာတွေမဖြစ်တော့ရင် တောင်သူတွေအတွက်လည်း အသုံးပြုရတာ လွယ်ကူအဆင်ပြေမှာပဲဖြစ်ပါတယ်။ ဖြန့်ဖြူးမှုအပိုင်းမှာလည်း စက်ရုံမှာတင် ကြန့်ကြာနေတာမျိုး၊ ကိုယ်စားလှယ်ယူသူလက်ထဲမှာ ကြန့်ကြာနေတာမျိုးမဖြစ်အောင် စီမံသင့်ပါတယ်။ အမှန်တကယ်စိုက်ပျိုးရေးလုပ်ကိုင်နေကြတဲ့ တောင်သူများလက်ဝယ်ကို အဆင်ပြေချောမွေ့စွာရောက်ရှိအောင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်းပြီး ပွင့်လင်းမြင်သာစွာ ဖြန့်ဖြူးဆောင်ရွက်သင့်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာကတော့ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံစိုက်ပျိုးရေးကဏ္ဍမြင့်မားတိုးတက်လာပါမှ ကျေးလက်နေပြည်သူလူထုတွေရဲ့ လူမှုဘဝတွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တောင်သူမချမ်းသာ၊ မတိုးတက်ဘဲနဲ့ နိုင်ငံချမ်းသာတိုးတက်လာမယ်လို့ ဘယ်လိုမှပြောလို့ရမှာမဟုတ်ပါဘူး။ စိုက်ပျိုးတောင်သူတွေရဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကသွင်းအားစုဖြစ်တဲ့ ဒီ ယူရီးယားဓာတ်မြေသြဇာကိစ္စဟာ အလေးထားဆောင်ရွက်ပေးသင့်တဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကလိုအပ်ချက်တစ်ခုဖြစ်တဲ့ ဒီယူရီးယားဓာတ်မြေသြဇာကို အရည်အသွေးပြည့်မီကာ စနစ်တကျထုတ်ပိုးပြီး သင့်တင့်တဲ့နှုန်းထားနဲ့ ဖြန့်ဖြူးရောင်းချပေးရေးအဆိုအား စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်နေကြတဲ့ နိုင်ငံ့တစ်ဝန်းလုံးက တောင်သူတွေရဲ့ လိုအပ်ချက်များစွာထဲက တစ်စိတ်တစ်ဒေသကို အထောက်အကူပြုပေးနိုင်မယ်လို့ ယုံကြည်တာကြောင့် ကျွန်တော့်အနေနဲ့ ဒီအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့ ယူရီးယားဓာတ်မြေသြဇာနဲ့ဆိုင်တဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၇၀ ရာခိုင်နှုန်းရှိတဲ့ တောင်သူလယ်သမားအများစုဟာ ဆင်းရဲကျပ်တည်းပြီးတော့ နိုင်ငံတော်ရဲ့စိုက်ပျိုးစရိတ်ချေးငွေကို အမှီပြုလုပ်ကိုင်နေကြရသော်လည်း မလုံလောက်တာကြောင့်မို့ ပြင်ပကနေအတိုးယူပြီး လုပ်ကိုင်စားသောက်နေကြရပါသဖြင့် အကြွေးသံသရာထဲကနေပြီးတော့ ရုန်းမထွက်နိုင်ကြသေးပါဘူး။ ယခုအချိန်မှာ အရင်းအနှီးများမလုံလောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များမရရှိခြင်း၊ ခေတ်မီနည်းပညာအားနည်းခြင်း၊ အရည်အသွေးမပြည့်တဲ့ဓာတ်မြေသြဇာများကိုသုံးရခြင်း၊ သီးနှံဈေးနှုန်းများဈေးကျခြင်း၊ သီးနှံအထွက်နှုန်းများ လျော့ကျခြင်းတို့ကြောင့် တောင်သူများ လက်တွေ့မှာအရှုံးပေါ်နေကြရပါတယ်။ တစ်ချိန်က မြန်မာနိုင်ငံဟာ ကမ္ဘာမှာဆန်အများဆုံးတင်ပို့ရောင်းချတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀

ခုနှစ်မှာ မြန်မာနိုင်ငံဟာ ဆန်တန်ချိန် ၁.၇ သန်းတင်ပို့နိုင်ခဲ့ပေမဲ့လို့ ထိုင်းနိုင်ငံကနေ တန်ချိန်ကိုးသန်းနဲ့ပထမ၊ ဗီယက်နမ်က တန်ချိန်ခြောက်သန်းနဲ့ ဒုတိယ၊ ပါကစ္စတန်က ၃.၅ သန်းနဲ့ တတိယ၊ အိန္ဒိယက ၂.၅ သန်းနဲ့ စတုတ္ထအများဆုံးတင်ပို့နိုင်ခဲ့ကြပါတယ်။ ဘာကြောင့် မြန်မာနိုင်ငံဟာ စပါးထုတ်လုပ်မှု လျော့နည်းသွားရသလဲဆိုတာ သုံးသပ်ကြည့်တဲ့အခါမှာ အချက်ပေါင်းများစွာထဲကနေပြီးတော့ ဓာတ်မြေသြဇာသုံးစွဲမှုနည်းပါးခြင်းအကြောင်းတစ်ခုကိုလည်း တွေ့ရပါတယ်။ မြန်မာနိုင်ငံဟာ ဓာတ်မြေသြဇာသုံးစွဲမှုပျမ်းမျှ တစ်ဟက်တာကို ၁၀.၃ ကီလိုဂရမ်ပဲသုံးပါတယ်။ ထိုင်းနိုင်ငံက တစ်ဟက်တာကို ၉၄ ကီလိုဂရမ်သုံးပါတယ်။ နောက် ဗီယက်နမ်က ၂၈၆ ကီလိုဂရမ်သုံးတာကို တွေ့ရပါတယ်။ ဒါကိုနှိုင်းယှဉ်ကြည့်ရင် အထွက်နှုန်းကလည်းပဲ သိသိသာသာကွာသွားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်မြေသြဇာများရဲ့ အရည်အသွေးပြည့်ဖို့နဲ့ အာမခံချက်ရှိဖို့ဟာ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံမှာသုံးစွဲနေတဲ့ အဓိကဓာတ်မြေသြဇာများဖြစ်တဲ့ NPK လို့ခေါ်တဲ့ ပုလဲ၊ တီစူပါ၊ ဓာတ်ဆားအစရှိတဲ့ ဓာတ်မြေသြဇာများဟာ အရည်အသွေးစစ်ဆေးပေးဖို့ လိုအပ်ပါတယ်။ အရည်အသွေးအာမခံချက်ရှိမှ သွင်းအားစုကလည်းပဲ တဖြည်းဖြည်းလျော့နည်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၉၉၅ ခုနှစ်ဝန်းကျင်တုန်းက အရည်အသွေးမြင့်တဲ့ ပုလဲဓာတ်မြေသြဇာများဖြစ်တဲ့ ယူအေအီး၊ ကာတာ၊ အဆူဒါဘီ၊ စီနိုဂျင် ပြည်တွင်းထုတ်တဲ့ စပါးနှံတံဆိပ်များဟာ တောင်သူများ များစွာသုံးခဲ့တဲ့အတွက်ကြောင့်မို့လို့ သီးနှံအထွက်နှုန်းဟာ သိသိသာသာပဲ တိုးတက်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ အရည်အသွေးကောင်းတဲ့ မြေသြဇာတွေကို မတင်သွင်းတော့တဲ့အတွက်ကြောင့်မို့လို့ အိမ်နီးချင်းတရုတ်နိုင်ငံကနေ တင်သွင်းတဲ့ ရွှေတောင်၊ ပန်းဖူး၊ မြွားကမ္ဘာတံဆိပ်၊ ၁၂၊ ၁၃၊ ၁၅၊ ၉၊ ၈ ကွန်ပေါင်းဓာတ်မြေသြဇာများကို တောင်သူများကနေပြီးတော့ သုံးလာကြပါတယ်။ ပြည်တွင်းထုတ်ပုလဲဓာတ်မြေသြဇာနဲ့ အခြားဓာတ်မြေသြဇာများကို သုံးစွဲသူများဟာ တဖြည်းဖြည်းနည်းပါးလာတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တရုတ်နိုင်ငံထုတ်ဓာတ်မြေသြဇာများကို အများဆုံးသုံးနေရတဲ့အတွက်ကြောင့်မို့လို့ အမျိုးအစားအလိုက် စနစ်တကျစစ်ဆေးပြီးမှ အရည်အသွေးအာမခံချက်လက်မှတ်များထုတ်ပေးသင့်ပါတယ်။ အရည်အသွေးအာမခံချက်ရှိမှသာ တင်သွင်းရောင်းချခွင့်ပြုသင့်ပါတယ်။ ဓာတ်မြေသြဇာပုဒ်မ ၁၇ အရ လိုင်စင်ရရှိထားသူဟာ ပုဒ်မ ၁၆ ပါအချက်(၇)ချက်မှာ ဖော်ပြ

ထားပေမဲ့ မှတ်ပုံတင်လက်မှတ်ရရှိထားသော မြေသြဇာကိုသာ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း ပြုသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် Power Point သုံးစွဲခွင့်ပြုပါ။ ပြည်တွင်းထုတ်တဲ့နေရာတွေနဲ့ ပြည်ပကနေဝင်ရောက်တဲ့နေရာကို ဖော်ပြထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ဓာတ်မြေသြဇာထွက်တဲ့ ဝယ်လိုအားနဲ့ရောင်းလိုအားတို့ကို ပြတဲ့ဟာဖြစ်ပါတယ်။ ဒါကတော့ ဓာတ်မြေသြဇာတွေ ဈေးကွက်ခန့်မှန်းခြေစာရင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ သီးနှံ အထွက်နှုန်းတွေဖြစ်ပါတယ်။ ဒါကတော့ စိုက်ဧကတွေ ဖော်ပြတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်တွင်းထုတ် ပုလဲဓာတ်မြေသြဇာဟာ တစ်ချိန်တုန်းက အရည်အသွေးရော၊ ထုတ်ပိုးမှုစနစ်ရော၊ အလွန်ကောင်းမွန်ခဲ့တဲ့အတွက် နာမည်ကြီးပြီးတော့ လူကြိုက်များခဲ့ပါတယ်။ ပြည်တွင်းဓာတ်မြေသြဇာ စက်ရုံတွေကနေပြီးတော့ ယခုအခါမှာ ပြည်ပကုမ္ပဏီများနဲ့ဖက်စပ်ပြီးတော့မှ ကျွန်တော်တို့လုပ်ငန်း လုပ်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ခေတ်မီစက်ရုံများ တိုးချဲ့လုပ်သင့်ပါတယ်။ နောက် အရေအတွက်များများ ထုတ်သင့်ပါတယ်။ ပြည်ပကနေပြီးတော့ ဓာတ်မြေသြဇာတွေကိုမြောက်မြားစွာ ဝယ်ယူတင်သွင်းနေရတဲ့အတွက်၊ များများထုတ်နိုင်ရန်အတွက် ပြည်ပနဲ့ဖက်စပ်ပြီးတော့ လုပ်ကိုင် သင့်ပါတယ်။ ပြည်တွင်းဓာတ်မြေသြဇာစက်ရုံများဟာဆိုရင် အရည်အသွေးရော၊ အရေအတွက်ပါ တိုးမြှင့်ထုတ်လုပ်နိုင်ဖို့ရန်အတွက် လိုအပ်သလို၊ နောက်တစ်ခါ တောင်သူများကလည်း ဈေးနှုန်းချိုသာ စွာနဲ့ အလွယ်တကူလုံလုံလောက်လောက်ရရှိအောင် နည်းလမ်းများရှာကြံပြီးတော့မှ ဖြည့်ဆည်းပေးဖို့ ရန် လိုအပ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းရဲ့အဆိုကို ထောက်ခံ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ယနေ့အစည်းအဝေးကို ကြွရောက်လာသူအားလုံးအား မင်္ဂလာရှိသော နံနက်ခင်းပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း ဖြစ်ပါတယ်။ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းတဲ့ ပြည်တွင်းထုတ် ယူရီးယားဓာတ်မြေသြဇာနဲ့ပတ်သက်တဲ့အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးဖို့ ဖြစ်ပါတယ်။ Power Point ပြသ၍ ဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဒါဟာ ဦးဝင်းဝင်း

တင်သွင်းတဲ့အဆိုဖြစ်ပါတယ်။ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားတဲ့အတိုင်း ပဲ ဒီမှာ ကျွန်တော် အချက်သုံးချက်ပါပါတယ်။ စနစ်တကျထုတ်ပိုးတာတစ်ချက်၊ သင့်တင့်မျှတတဲ့ ဈေးနှုန်းကတစ်ချက်၊ ချောမွေ့စွာဖြန့်ဖြူးပေးဖို့ကတစ်ချက်ဆိုပြီးတော့မှ သုံးချက်ပါတာကို တွေ့ပါတယ်။

အဲဒီတော့ ဒီအကြောင်းမဆွေးနွေးခင်မှာ ယူရီယားမြေဩဇာရဲ့အခြေခံအကြောင်းလေးတစ်ချက် ကို ကျွန်တော်ပြောကြားလိုပါတယ်။ ၁၇၇၃ ခုနှစ်မှာ ယူရီးယားကိုစတွေ့ပေမဲ့ ၁၉၅၀ ခုနှစ်ကျမှ ယူရီယားကို အမြောက်အမြားထုတ်တဲ့စက်ရုံများအဖြစ်နဲ့ ကမ္ဘာပေါ်မှာစတင်ပေါ်ပေါက်လာပါတယ်။ အဲဒီမြေဩဇာများဟာ နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်းကျော်ပါပါတယ်။ ပုလဲလုံးနဲ့တူလို့ ပုလဲမြေဩဇာလို့ မြန်မာနိုင်ငံက တောင်သူကြီးများက နာမည်ပေးပါတယ်။ အဲဒီတော့ ၁၉၇၀ ပြည့်လွန်နှစ်များမှာ စလေ စက်ရုံကစတင်ထုတ်လုပ်တဲ့ ၁၉၇၀-၁၉၇၃ ခုနှစ်ကာလများမှာ ဝယ်မည့်သူမရှိပါဘူး။ ၅၀ ကီလို တစ်အိတ်ကို ၂၇ ကျပ်ရောင်းတာ ဘယ်သူမှမဝယ်လို့ စလေမှာအများကြီးပုံအောပြီး သိမ်းထားရလို့ တစ်အိတ်ကို ကိုးကျပ်နှုန်းနဲ့ရောင်းမှ အရောင်းသွက်လာတဲ့အထိ ဖြစ်ပါတယ်။ နောက်ပိုင်းအဝယ် လိုက်လာပြီးတော့မှ ဒီဟာ အပင်ပိုင်းကြီးထွားမှုကို အားပေးတယ်ဆိုတာကိုသိလာကြပါတယ်။ အဲဒီတော့ အရေးကြီးတာက ယူရီးယားကို သတ်မှတ်နှုန်းထားကို သုံးဖို့လိုပါတယ်။ ပိုသွားရင် အပင်ဟုန်တယ်။ အပင်တွေလောင်ကျွမ်းတာလည်း ဖြစ်စေနိုင်ပါတယ်။ ဒါဟာ အရည်အသွေးညံ့ဖျင်း တဲ့ဓာတ်မြေဩဇာဖြစ်ဖို့ဆိုရင် အခုဒီအချက်တွေများဖြစ်ခဲ့လို့ရှိရင် အရည်အသွေးညံ့ဖျင်းပါတယ်တဲ့ ကျွန်တော်တို့ စိုက်ပျိုးရေးလောကမှာရှိပါတယ်။

ဒီမှာဆိုလို့ရှိရင် ပထမဆုံးအချက်နဲ့ အောက်ဆုံးအချက်ဟာ အဆိုရှင် တင်ထားတဲ့အချက် နှစ်ချက်နဲ့ လာပြီးတော့မှကိုက်ညီနေတာကို တွေ့ပါတယ်။ အဲဒီတော့ ပထမဆုံးထုတ်ပိုးမှုကို ကြည့်ချင်ပါ တယ်။ ထုတ်ပိုးမှုမှာ စောစောကကိုယ်စားလှယ်တော်ကြီးများ တင်ပြဆွေးနွေးတဲ့အတိုင်းပဲ ပထမဦးဆုံး ကျွန်တော်တို့နိုင်ငံရဲ့ ယူရီးယားထုတ်လုပ်မှုဟာ ပလက်စတစ်အိတ်အထူကြီးတွေဖြစ်ပါတယ်။ အင်မတန်မှခိုင်ခံ့ပါတယ်။ အဲဒီတော့ ဓာတ်မြေဩဇာဟာ ပိုးသတ်ဆေးအမျိုးအစားထဲမှာပါတဲ့အတွက် အိတ်ခွံများကို ဘယ်လိုနည်းနဲ့မှ ပြန်လည်အသုံးပြုခွင့်မရှိပါဘူးဆိုတာ ဒီနေရာက ပြောကြားလိုပါ တယ်။ အဲဒီတော့ စားသုံးမယ့်အစားအစာတွေထည့်တာ၊ ကောက်စိုက်သမတွေ မိုးကာလုပ်ပြီးခြုံတာ ဟာ လူတွေအတွက် အန္တရာယ်ရှိပါတယ်။ ကံအားလျော်စွာပဲ ကမ္ဘာမှာ ပလက်စတစ်ကနေပြီးတော့မှ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လွန်းအားကြီးလို့ ပလက်စတစ်အိတ် အသုံးပြုမှုကိုဖျက်သိမ်းပြီးတော့

မှ ပီနံအိတ်တွေနဲ့အစားထိုးတဲ့အတွက် ကျွန်တော်တို့ယူရီးယားအိတ်တွေဟာလည်း ပြောင်းလဲသွားပါတယ်။ အဲဒီတော့ အခုဒါဟာဆိုလို့ရှိရင် ပုံမှာထုပ်ပိုးမှုကို ကျွန်တော် နိုင်ငံခြားကအိတ်တွေကို အရင်ပြပါတယ်။ အဲဒီအိတ်တွေရဲ့အထဲမှာ လိုင်နင်လို့ခေါ်တဲ့ ပလပ်စတစ် လေလုံတဲ့အထုတ်တစ်ထုတ် ထည့်သွင်းထားတာကို တွေ့ပါလိမ့်မယ်။ ဒါကြောင့်မို့လို့ နိုင်ငံခြားက အိတ်တွေလာလို့ရှိရင် မူလအတိုင်းပဲကောင်းတာဖြစ်ပါတယ်။ မြန်မာနိုင်ငံက စက်ရုံကထုတ်တဲ့ အိတ်များရဲ့အတွင်း လိုင်နင်ဟာ ပလပ်စတစ်က အင်မတန်ပါးလွှာပြီးတော့မှ လေထဲက ရေထုကို မတားနိုင်တဲ့အတွက် အင်မတန်ပစ္စည်းကောင်းပေမဲ့ လေထဲကရေနဲ့တွေ့ပြီး ကျွန်တော်တို့ Urea တွေဟာ အရည်ပျော်ပြီး အခဲဖြစ်ပြီးတော့မှ ထုနက်ပြီးတော့မှ သုံးရတဲ့အခြေအနေကိုရောက်ပါတယ်။ အဲဒီတော့ ဒါဟာ ကျွန်တော်တို့စိုက်ပျိုးရေးတက္ကသိုလ်ကတွေ့ရှိတဲ့ သုတေသနကတွက်ချက်လို့ ပြပါတယ်။ အပြာဟာ ဆိုလို့ရှိရင် ဓာတ်မြေသြဇာကို ကျွန်တော်တို့ Border Area လို့ခေါ်တဲ့ နယ်စပ်ဒေသကဝင်လာတာ ဖြစ်ပါတယ်။ များသောအားဖြင့် သူက Urea တွေသွင်းပါတယ်။ အဲဒီကနေပြီးတော့မှ တဖြည်းဖြည်းနဲ့ သူက မန္တလေးရောက်၊ ဒေသတွေရောက်၊ အောက်က လက်လီသမားတွေဆီရောက်ပြီးတော့မှ လယ်သမားတွေဆီရောက်ပါတယ်။ ဒီဘက်ကအဝါကတော့ နှစ်ပိုင်းရှိပါတယ်။ နံပါတ်(၁)က ရန်ကုန်က ပင်လယ်ကသွင်းပါတယ်။ တစ်ဖက်က စိုက်ပျိုးရေးဌာနကသွင်းပြီးတော့ သူ့ရဲ့စိုက်ခင်းတွေမှာ နိုင်ငံပိုင်ခြံတွေမှာသုံးပါတယ်။ တစ်ဖက်ကတော့ ကုမ္ပဏီတွေကသွင်းပြီးတော့မှ ခုနလိုပဲ လယ်သမားတွေကို ရောင်းချတာဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ ဒီ ပြည်တွင်းစက်ရုံကနေ ထုတ်တာဖြစ်ပါတယ်။ ထုတ်တဲ့ဟာသည် Ministry of Energy လို့ခေါ်တဲ့ စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပါတယ်။ သူ့အချိုးကျ ဒီဘက်နေပြီးတော့မှ ဒေသဆိုင်ရာအာဏာပိုင်တွေ၊ Wholesaler တွေ၊ လယ်သမားတွေကို ပေးပါတယ်။ တစ်ဖက်က အစိမ်းကတော့ စိုက်ပျိုးရေးဌာနကဖြစ်ပြီးတော့မှ နိုင်ငံပိုင်စက်ရုံတွေမှာ သုံးပါတယ်။ ဒါဟာ ဓာတ်မြေသြဇာတင်သွင်းတဲ့ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကတင်သွင်းတဲ့ဟာတွေ ဖြစ်ပါတယ်။ ဒါဟာ တန်ဖိုးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီနဲ့ မေလအတွင်းက ဖြစ်ပါတယ်။ အဲဒီတော့ အကြံပြုချက်အနေနဲ့ ထုတ်ပိုးမှုအဆင့်မြှင့်ဖို့လိုပါတယ်။ ပြည်တွင်းစက်ရုံများ ပုံမှန်လည်ပတ်ဖို့ ကြိုးစားဖို့လိုပါတယ်။ ဖြန့်ဖြူးမှုကိုတော့ အစိုးရကလုပ်မယ့်အစား လယ်ယာသမဝါယမအသင်းဘက် ကလုပ်ကိုင်ဖို့ အကြံပြုတင်ပြရင်း ထောက်ခံဆွေးနွေးလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

## ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မူလအဆိုရှင်၏တင်သွင်းထားတဲ့အကြောင်းအရာများနှင့် လက်ရှိယနေ့အစီအစဉ်မှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များဟာ အတော်အတန်များပြားတဲ့အတွက်ကြောင့် ပြန်လည်ဆွေးနွေးခွင့်ကို အချိန်အနည်းငယ်ပိုပေးပါရန် ခွင့်ပန်ကြားအပ်ပါတယ်။ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၏ ပြည်တွင်း၌ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေဩဇာများအား အရည်အသွေးကိုထိန်းသိမ်းနိုင်ရန်နှင့် စနစ်တကျထုပ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်တွင် ဓာတ်မြေဩဇာထုတ်လုပ်သည့်စက်ရုံငါးရုံရှိပြီး တင်ပြပါ Slide တွင် စလေ၊ ကျွန်းချောင်း၊ ကျော်စွာဓာတ်မြေဩဇာစက်ရုံသုံးရုံမှာ ၁၉၇၀၊ ၁၉၇၁၊ ၁၉၈၅ ခုနှစ်များမှာ တည်ဆောက်ခဲ့ပြီး ကုန်းတွင်းသဘာဝဓာတ်ငွေ့ထွက်ရှိမှုများအား အကျိုးရှိစွာ အသုံးပြုရန် တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အဆိုပါကုန်းတွင်းသဘာဝဓာတ်ငွေ့တွင်းများဟာ ယခုအခါ သဘာဝဓာတ်ငွေ့ ကုန်ခမ်းသွားတာ ဖြစ်ပါတယ်။ သို့ပါ၍ သဘာဝဓာတ်ငွေ့ကို ကုန်ကြမ်းအဖြစ် အသုံးပြုကာ ဓာတ်မြေဩဇာထုတ်လုပ်နေတဲ့ ကျွန်းချောင်းနဲ့ ကျော်စွာစက်ရုံများဟာ စက်ရုံရပ်ဆိုင်းခဲ့ရတာဖြစ်ပါတယ်။ အဆိုပါဒေသများဟာ ထုတ်လုပ်တဲ့အချိန်မှာဆိုရင်လည်း မြန်မာနိုင်ငံရဲ့အလယ်ပိုင်းနှင့် အထက်ပိုင်းမှာတည်ရှိတဲ့အတွက်ကြောင့်၊ ပူပြင်းခြောက်သွေ့တဲ့အတွက်ကြောင့် ဓာတ်မြေဩဇာမှာ ရေငွေ့ပါဝင်မှုနှုန်းမှာလျော့နည်းပြီး အရည်အသွေးပိုလို့ကောင်းမွန်တာ

လည်း ဖြစ်ပါတယ်။ ယခုအခါမှာတော့ အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)၊ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)တို့ သုံးရုံသာ လည်ပတ်နေပြီးတော့ နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်း အရည်အသွေးကောင်းမွန်တဲ့ ယူရီးယားဓာတ်မြေသြဇာများကို ထုတ်လုပ်လျက်ရှိတာဖြစ်ပါတယ်။ ထိုကဲ့သို့ထုတ်လုပ်ရာမှာလည်း ညှောင်တုန်းကုန်းတွင်းသဘာဝဓာတ်ငွေ့ရရှိမှုအပေါ်ထုတ်လုပ်နိုင်တဲ့အခြေအနေပေါ်မူတည်ပြီး ထုတ်လုပ်နေရတာဖြစ်ပါတယ်။ တစ်နေ့လျှင် ယူရီးယားဓာတ်မြေသြဇာတန်ချိန် ၆၀၀ ကနေ ၇၀၀ ခန့်ကို စလေစက်ရုံမှ တန် ၈၀၊ မြောင်းတကာနှင့် ကန်ကြီးထောင့်စက်ရုံအသီးသီးက တန် ၃၀၀ ကနေ တန် ၃၄၀ ခန့် ထုတ်လုပ်ပေး နေတာဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သီးနှံအလိုက် စိုက်ဧကပေါ်မှာ အခြေခံထားပြီး တွက်ချက်ထားတဲ့စာရင်းများအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးရဲ့ ဓာတ်မြေသြဇာလိုအပ်ချက်မှာ စုစုပေါင်းတန်ချိန် ၂.၇ သန်းခန့်ဖြစ်ပါတယ်။ မိမိတို့နိုင်ငံပိုင်စက်ရုံများက ထုတ်လုပ်ပေးနိုင်တဲ့ ယူရီးယားဓာတ်မြေသြဇာတန်ချိန်ပေါင်းဟာ ၁၆၆၀၁၇ သန်းခန့်မျှသာဖြစ်တဲ့အတွက်ကြောင့် တစ်နိုင်ငံလုံးရဲ့လိုအပ်ချက်၏ ၇ ရာခိုင်နှုန်းခန့်ကိုသာ ထုတ်လုပ်ပေးနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။ ကျန်ရှိတဲ့လိုအပ်ချက် ၉၃ ရာခိုင်နှုန်းခန့်ကို ပုဂ္ဂလိကကဏ္ဍကနေပြီးတော့ ယနေ့ဈေးကွက်စီးပွားရေးစနစ်အရ ပြည်ပကနေလွတ်လပ်စွာ တင်သွင်းဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ထိုသို့တင်သွင်းရောင်းချခွင့်လိုင်စင်များကိုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပေးတဲ့လိုင်စင်များကို ရယူပြီးတင်သွင်းနေကြတာ ဖြစ်ပါတယ်။ ယူရီးယားဓာတ်မြေသြဇာများကို ယခင်က ပလပ်စတစ်အိတ်အထူဖြင့် ရောင်းချခဲ့ရာမှ ၁၉၉၉ ခုနှစ်ကစပြီးတော့ မြွေရေခွံအိတ်(WPP)ဖြင့် ထည့်သွင်းပြီးရောင်းချခဲ့ရတာဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ အပြင်မှာ အမှတ်တံဆိပ်အသားတင်အလေးချိန်နဲ့ နိုက်ထရိုဂျင်ပါဝင်မှုရာခိုင်နှုန်းများ ဖော်ပြထားပြီးတော့ ထိုမြွေရေခွံအိတ် (WPP) အိတ်အတွင်းမှာ ပလပ်စတစ်အိတ်ပါးတစ်ထပ်ထည့်သွင်းပြီး နှစ်ထပ်ထုပ်ပိုးမှု စနစ်နဲ့ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။ မြောင်းတကာစက်ရုံနှင့် ကန်ကြီးထောင့်စက်ရုံတို့မှ ထုတ်လုပ်တဲ့ဓာတ်မြေသြဇာများမှာ ရေငွေ့ပါဝင်မှုနှုန်း များပြားနေတာဟာ ထုတ်လုပ်တဲ့ဒေသရဲ့ ရာသီဥတုအရ စိုစွတ်မှုအင်မတန်များပြားတဲ့အတွက်ကြောင့် ရေငွေ့ပါဝင်မှုနှုန်းကလည်း များပြားလာပါတယ်။ စက်ပစ္စည်းများကို ပြုပြင်ဖို့လိုအပ်ပါတယ်။ ထပ်မံဖြည့်တင်းဖို့ လိုအပ်သော်လည်းပဲ ဘဏ္ဍာငွေခွင့်ပြုမှုရရှိမယ့်အခြေအနေအရ စက်ပစ္စည်းများကို ပြုပြင်နိုင်ဖို့အားနည်းလျက်ရှိပါတယ်။

**မူကြမ်း**

ရေငွေ့ပါဝင်မှု နှုန်းတွေများပေမဲ့ ထုတ်ပိုးမှုစနစ်ပိုကောင်းလာမယ်ဆိုရင် ကာလကြာရှည်ထိန်းသိမ်းနိုင်မယ်ဆိုတာကို ကျွန်တော်တို့လက်ခံပါတယ်။ ထုတ်ပိုးမှုစနစ်ပိုမိုကောင်းမွန်စေရန်အတွက် အရည်အသွေးပြည့်မီတဲ့အိတ်များကို ပြင်ပမှတင်ဒါခေါ်ယူပြီး ပြောင်းလဲထုတ်ပိုးနိုင်ရေးကို စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပြီး ထိုသို့ ပိုမိုကောင်းမွန်တဲ့အိတ်များကြောင့် ကုန်ကျလာမယ့်စရိတ်ကတော့ ထုတ်လုပ်ရောင်းချမယ့်ဈေးနှုန်းအပေါ်မှာ အနည်းငယ်ပိုမိုထပ်ဆောင်းသွားရမှာဖြစ်ပါတယ်။

လက်ရှိ ထုတ်လုပ်နေတဲ့ယူရီးယား ဓာတ်မြေဩဇာများကို သုံးစွဲသူတောင်သူများလက်ဝယ်အရောက် ဈေးနှုန်းသက်သာစွာဖြန့်ဖြူးနိုင်ရေးအတွက် ယခင်ကဆောင်ရွက်ခဲ့သော နည်းလမ်းပေါင်းများစွာအား ရှင်းလင်းတင်ပြလိုပါတယ်။ ယခင်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတစ်ဆင့် တောင်သူများလက်ဝယ်အရောက်ကို လက်ငင်းငွေချေစနစ်နဲ့ရောင်းချခဲ့တာတွေရှိပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှတစ်ဆင့် အကြွေးစနစ်နဲ့လည်း ရောင်းချခဲ့ဖူးတာရှိပါတယ်။ တစ်တန်လျှင် ဓာတ်မြေဩဇာ ၅ အိတ် အပိုဆောင်းတဲ့စနစ်နဲ့လည်း ရောင်းချခဲ့ဖူးတာရှိပါတယ်။ ဆန်စပါးအထူးပြု အသင်းအဖွဲ့များ၊ ကုမ္ပဏီများသို့ ခြောက်လဆိုင်းအကြွေးစနစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရများကနေတစ်ဆင့် သတ်မှတ်ပေးထားတဲ့ Authorized Dealers များကို လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ စက်ရုံများမှာ တိုက်ရိုက်ဝယ်ယူတဲ့စနစ်ဖြင့်လည်းကောင်း၊ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူတဲ့စနစ်ဖြင့်လည်းကောင်း နည်းလမ်းကောင်းများစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။ ထိုသို့ရောင်းချခဲ့တဲ့အတွေ့အကြုံများကို ရှင်းလင်းတင်ပြလိုပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတစ်ဆင့် လက်ငင်းငွေချေစနစ်နှင့်ရောင်းချခဲ့ပြီးတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှတစ်ဆင့် အကြွေးစနစ်နဲ့ရောင်းချခဲ့တဲ့လုပ်ငန်းတွေကိုလည်း ကျွန်တော်တို့လုပ်ကိုင်ခဲ့တဲ့အခါမှာ ဓာတ်မြေဩဇာနှင့်ပတ်သက်ပြီး ၇-၁၁-၂၀၁၄ ရက်နေ့အထိမှာ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးစုစုပေါင်းမှာ ဓာတ်မြေဩဇာဖိုး ကြွေးကျန်စုစုပေါင်း ကျပ်သန်းပေါင်း ၂၈၉၀ ခန့် ဖြစ်ပေါ်လာတဲ့အခက်အခဲတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ထိုအကြွေးကျန်များကို ရှင်းလင်းဖို့ဆောင်ရွက်ရာမှာ မူလအကြွေးယူသွားသူများက သေဆုံးသွားခြင်း၊ အကြွေးမဆပ်တော့ဘဲနဲ့ ပြစ်ဒဏ်များကျခံခြင်း စတဲ့အခက်အခဲများ ပေါ်ပေါက်လာခဲ့ပါတယ်။ အဆိုပါအခက်အခဲများကြောင့် စုစုပေါင်းကျပ်သန်းပေါင်း ၂၀၂၃ သန်းကို မကွေးတိုင်းဒေသကြီးမှ ၁၇၇၉ သန်းနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ၂၂၄ သန်းတို့ကို စာရင်းပယ်ဖျက်ရေးကို ဆောင်ရွက်နေရတာဖြစ်ပါတယ်။ ကျန်တဲ့ပြည်နယ်နှင့်

တိုင်းဒေသကြီးအသီးသီးမှ ကြွေးကျန်ပေါင်းဟာလည်း နောက်ထပ်ကျပ်သန်းပေါင်း ၆၀၅ သန်း ဆက်လက်ရှိနေဆဲဖြစ်ပါတယ်။

ကျွန်တော်တို့ အဆင်ပြေမယ့်နည်းလမ်းများကို ရှာဖွေနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အသီးသီးမှ တာဝန်ရှိသူများကို ၃၀-၈-၂၀၁၆ ရက်နေ့မှာ တွေ့ဆုံဆွေးနွေးခဲ့ကြဖူးပါတယ်။ အဆိုပါဆွေးနွေးပွဲမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လယ်ယာသီးနှံစိုက်ဧက အပေါ်မှာ အခြေခံတွက်ချက်ပေးတဲ့အချိုးအရ မိမိတို့လုပ်ငန်းဌာနက ထုတ်လုပ်ပေးနိုင်မှုအလိုက် တိုင်းဒေသကြီးများကလိုအပ်ချက်ကို ဓာတ်မြေသြဇာ စုစုပေါင်းတန်ချိန် ၂၄၅၅၀ တန်ခွဲဝေသတ်မှတ်ပေးခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရများထံကနေ လက်တွေ့လာရောက်ထုတ်ယူ၊ ဝယ်ယူမှုမှာ စုစုပေါင်းတန် ၃၂၄၉ သာထုတ်ယူခဲ့တာဖြစ်ပါတယ်။ ကျန်ရှိတဲ့ ဓာတ်မြေသြဇာများဟာ စက်ရုံကနေ စုပုံသိုလှောင်ထားရှိခဲ့ရပါတယ်။ ထိုသို့ သိုလှောင်ထားရှိတဲ့အခါမှာ သိုလှောင်ရန်နေရာ အခက်အခဲများပေါ်ပေါက်ပြီး ဓာတ်မြေသြဇာအိတ်များအား တစ်အိတ်နှင့် တစ်အိတ် ဆင့်ကဲဆင့်ကဲ ထပ်ခါထပ်ခါ မြင့်မားစွာသိုလှောင်ရတဲ့အခါမှာ အိတ်များ တစ်အိတ်နှင့်တစ်အိတ်ပိပြီး ဓာတ်မြေသြဇာတွေဟာ မာခဲလာခြင်းနှင့် အိတ်များပေါက်ပြဲလာခြင်းတွေ ဖြစ်ပေါ်လာရတာ ဖြစ်ပါတယ်။ ၁-၁၁-၂၀၁၆ ရက်နေ့မှစ၍ ဓာတ်မြေသြဇာကို တစ်တန်လျှင် ၂၈၈၀၀၀ နှုန်းဖြင့် ဝယ်ယူသုံးစွဲလိုသူ မည်သူကိုမဆို ဦးရာလူစနစ်နဲ့ လွတ်လပ်စွာ စက်ရုံက လက်ငင်းငွေချေစနစ်နဲ့ တိုက်ရိုက်ရောင်းချပေးခဲ့တာဖြစ်ပါတယ်။ ထိုကဲ့သို့ရောင်းချပေးခဲ့သော်လည်း လာရောက်ဝယ်ယူမှု အားနည်းပြီး ငွေကြေးတတ်နိုင်သူများကသာ လာရောက်ဝယ်ယူခဲ့တာကို သုံးသပ်တွေ့ရှိရပါတယ်။ ဓာတ်မြေသြဇာများကို တောင်သူလယ်သမားများ လက်ဝယ်ရောက်ရှိနိုင်ရေးအတွက် နည်းစနစ်ပေါင်းများစွာနဲ့ဖြန့်ဖြူးပေးခဲ့တဲ့ အတွေ့အကြုံအရ မည်သို့ပင်နည်းလမ်းပြောင်းစေကာမူ ထုတ်လုပ်သူ မိမိတို့ဝန်ကြီးဌာနရဲ့ စက်ရုံများနှင့် သုံးစွဲသူတောင်သူများအကြားမှာ ငွေကြေးတတ်နိုင်တဲ့ကုန်သည်များကသာ ငွေကြေးစိုက်ထုတ်ပြီး စက်ရုံထံကနေ ပစ္စည်းများကို သယ်ယူပို့ဆောင်စရိတ်၊ တင်ချစရိတ်၊ သိုလှောင်စရိတ်၊ ဖြန့်ဖြူးစရိတ်စတာတွေကို စိုက်ထုတ်ပြီးတော့မှ ပေါက်ဈေးနှင့်ရောင်းချပြီး တောင်သူလယ်သမားများက ကုန်သည်များထံကနေ အကြွေးနဲ့ဝယ်ယူသုံးစွဲနေကြကြောင်းကို သုံးသပ်တွေ့ရှိရတာဖြစ်ပါတယ်။ သင့်တင့်မျှတသော နှုန်းထားနှင့် ရောင်းချရေးဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီး စက်ရုံရဲ့ ထုတ်မှုကုန်ကျစရိတ် အရင်းဟာ ဓာတ်မြေသြဇာတစ်တန်လျှင် ကျပ် ၄၀၀၀၀၀ ခန့်ရှိနေတာ ဖြစ်ပြီး လက်ရှိရောင်းချနေတဲ့နှုန်းထားက

၂၈၈၀၁၀၁ ဖြစ်တဲ့အတွက်ကြောင့် သင့်တင့်မျှတတဲ့ နှုန်းထားလို့ တင်ပြလိုပါတယ်။ လက်ရှိ ဓာတ်မြေသြဇာစက်ရုံများဟာ အရှုံးပေါ်နေတဲ့ နိုင်ငံပိုင်စက်ရုံ လုပ်ငန်းကဖြစ်တဲ့အတွက်ကြောင့် ယခု လွှတ်တော်မှာသည်ပင်လျှင် အရှုံးပေါ်နေသော စက်ရုံများအား ရပ်ဆိုင်းဖို့အတွက် စာရင်းတင်ပြတဲ့ အထဲမှာ ပါဝင်ခဲ့ပြီး တောင်သူလယ်သမားများရဲ့အကျိုးငှာ မိမိတို့ ဝန်ကြီးဌာနက မည်သို့ပင်အရှုံးပေါ် နေသော်လည်း ဤစက်ရုံများကိုလည်းပတ်ခွင့်ပြုပါရန် ခွင့်ပန်ကြားပြီး ဆက်လက်ဆောင်ရွက်နေ တယ်လို့ တောင်သူလယ်သမားများအကျိုးအတွက် သင့်တင့်မျှတတဲ့ဈေးနှုန်းနှင့် ဆက်လက် ဆောင်ရွက်နေတယ်ဆိုတာကို ရှင်းလင်းတင်ပြလိုပါတယ်။ မြောင်းတကာနှင့် ကန်ကြီးထောင့်စက်ရုံ များမှ စက်များထုတ်လုပ်မှုကျဆင်းလာပြီး စက်ရုံ Upgrade လုပ်ဖို့ လိုအပ်တဲ့စက်ပစ္စည်းများရဲ့ တန်ဖိုးနဲ့ဝင်ငွေကို အရှုံးခံဆောင်ရွက်နေရတဲ့အတွက်ကြောင့်ကာမိဖို့ ခက်ခဲပါတယ်။ Process မှ Automation Control တွေကလည်း ပျက်ယွင်းလာတာတွေရှိပါတယ်။ ထုတ်လုပ်မှုကုန်ကျစရိတ် ထက်လျော့နည်းတဲ့ဈေးနှုန်းနဲ့ ဖြန့်ဖြူးရောင်းချရင် တောင်သူလယ်သမားများကို ရောင်းချရတဲ့အချိန် မှာ ရာသီအချိန်မှာသာ ဝယ်လိုအားများပြီး ရာသီချိန်မဟုတ်တဲ့အချိန်များမှာ ဝယ်လိုအားနည်းတဲ့ အခါမှာ စက်ရုံမှာ လက်ကျန်တွေစုပုံရတဲ့အခါမှာ ထားသိုရန်နေရာအခက်အခဲကြောင့် ဓာတ်မြေသြဇာ တွေမာခဲပြီး အရှုံးတွေနဲ့လည်း ရင်ဆိုင်ရတာဖြစ်ပါတယ်။ ဓာတ်မြေသြဇာများရဲ့အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်နှင့် စနစ်တကျထုပ်ပိုးပြီး တောင်သူလယ်သမားများလက်ဝယ် သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ဆောင်ရွက်နိုင်ရေးအတွက် ၂-၆-၂၀၁၇ ရက်နေ့မှာလည်း တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအသီးသီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးများကို မိမိတို့ဝန်ကြီးဌာနထံ ဖိတ်ခေါ်ပြီးတွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ အဆိုပါအစည်းအဝေးမှာလည်း အကြံပြုဆွေးနွေးချက်များအရ လက်ရှိကျင့်သုံးနေတဲ့ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ယူရီးယားဓာတ်မြေသြဇာများအား ပွင့်လင်း မြင်သာစွာနဲ့ တင်ဒါခေါ်ယူရောင်းချခြင်းအားဖြင့် နိုင်ငံပိုင်စက်ရုံမှာလည်း ဝင်ငွေတိုးတက်ရရှိပြီး အရှုံးသက်သာစေမှာဖြစ်ကာ တင်ဒါဖြင့် ရောင်းချခြင်းကသာ အကောင်းဆုံးနည်းလမ်းဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသွားခဲ့ကြရာက ရရှိပါတယ်။

သို့သော်လည်းပဲ သက်ဆိုင်ရာဌာနများနှင့် တိုင်းဒေသကြီးများက ဓာတ်မြေသြဇာ တကယ် လိုအပ်လာလို့ရှိရင် သတ်မှတ်ဈေးနှုန်းနှင့်လည်း မိမိတို့စက်ရုံများကဦးစားပေးပြီး ဖြန့်ဖြူးရောင်းချ ပေးသွားမယ်ဆိုတာလေးလည်း ရှင်းလင်းတင်ပြလိုပါတယ်။ သို့ပါ၍ ယခုအဆိုနှင့်ပတ်သက်၍ မိမိတို့ ဝန်ကြီးဌာနက စက်ရုံမှထုတ်တဲ့ အရည်အသွေးကိုကောင်းမွန်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်

ပေးသွားမှာဖြစ်ပြီး လက်ရှိနိုင်ငံတော်ရဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ကိုက်ညီစွာ ဓာတ်မြေဩဇာများကို လက်ရှိရောင်းချနေတဲ့စနစ်အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ယခု အဆိုအား မှတ်တမ်းအဖြစ်ထားရှိပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲမင်္ဂလာပါလို့ ရှေးဦးပဏာမ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ဒီအဆိုကို စပြီးတင်ခဲ့စဉ်ကတည်းက အဆိုရဲ့ ရည်ရွယ်ချက်အနေနဲ့ စိုက်ပျိုးရေးလုပ်ကိုင်ကြတဲ့၊ စိုက်ပျိုးရေးနဲ့အသက်မွေးဝမ်းကြောင်းပြုနေကြတဲ့ တောင်သူလယ်သမားဦးကြီးတွေရဲ့ဘဝတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့အတွက် လိုအပ်ချက်တွေများစွာထဲက တစ်စိတ်တစ်ပိုင်းကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အထောက်အကူပြုစေရန်ဆိုပြီး ရည်ရွယ်ချက်နဲ့ ဒီအဆိုကိုတင်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုရဲ့ အပိုင်းတွေကိုကြည့်မယ်ဆိုရင်လည်း အပိုင်းသုံးပိုင်းနဲ့ တင်ခဲ့ကြောင်း၊ ထောက်ခံဆွေးနွေးပေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးကလည်းပဲ အကျိုးအကြောင်းဆီလျော်စွာနဲ့ ထောက်ခံတင်ပြဆွေးနွေးပေးခဲ့တဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားချင်ပါတယ်။ ဝန်ကြီးရဲ့ ပြန်လည်ဖြေရှင်းပေးသွားတဲ့ အချက်တွေကိုကြည့်မယ်ဆိုလို့ရှိရင် ဝန်ကြီးကိုယ်တိုင်ကလည်း ကျွန်တော်တို့ဒီပြည်တွင်းကထုတ်တဲ့ဓာတ်မြေဩဇာတွေဟာ ထုပ်ပိုးမှုစနစ်တကျ အားနည်းတဲ့အတွက် ပြန်လည်ထုပ်ပိုးဖို့လိုအပ်ကြောင်း ဆွေးနွေးသွားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ တောင်သူတွေအနေနဲ့လည်း ပြည်တွင်းကသုံးတဲ့ ထုတ်လုပ်တဲ့ဓာတ်မြေ ဩဇာတွေကိုသုံးဖို့အတွက် များစွာလိုအပ်နေသေးကြောင်းလည်း ကိုယ်စားလှယ်တွေအားလုံးလည်း သိရှိပြီးဖြစ်ပါတယ်။ ဒီထဲမှာ ပြည်တွင်းကထုတ်တဲ့ ဓာတ်မြေဩဇာတွေကို စနစ်တကျထုတ်ပိုးဖို့လည်း လိုအပ်တယ်။ အရည်အသွေးအရလည်း ထုပ်ပိုးမှုက အားနည်းနေတယ်ဆိုတာလည်း သိနေတယ်။ စက်ရုံမှာပုံနေတဲ့ ဒီဓာတ်မြေဩဇာတွေက ဘာကြောင့်ပုံနေတာလဲ။ ဖြန့်ဖြူးမှုကိုကျတော့ တောင်သူလယ်သမားတွေကသာမက တစ်နိုင်ငံလုံးမှာရှိတဲ့ ဓာတ်မြေဩဇာလိုချင်တဲ့ပုဂ္ဂိုလ်တွေကို ဒီပုံနေတဲ့ ဓာတ်မြေဩဇာတွေကို မည်သူမဆိုလွတ်လပ်စွာ လာရောက်ပြီးဝယ်ယူနိုင်ဖို့အတွက် ဖိတ်ခေါ်ခဲ့ပါတယ်။

**မူကြမ်း**

သို့သော်လည်းပဲ တောင်သူတွေက ဘာကြောင့်လာမဝယ်ရတာလဲ။ တိုင်းဒေသကြီးတွေကို လာဝယ်ဖို့အတွက် ဘယ်လောက်ခွဲတမ်းလာယူနိုင်ပါတယ်ဆိုလို့ ပြောသော်လည်းပဲ တိုင်းဒေသကြီးက ဘာကြောင့်လာမယူတာတွေကို စဉ်းစားကြည့်မယ်ဆိုရင် ကျွန်တော်တို့ အမှန်တကယ်သုံးနေတဲ့ တောင်သူတွေက အရည်အသွေးကောင်းကြောင်းလည်း သိနေတယ်။ သို့သော်လည်းပဲ သုံးစွဲရတာ အဆင်မပြေဘူးဖြစ်နေတယ်။ ဒါဟာဘာကြောင့်လဲ။ နံပါတ်(၁)အရေးကြီးတာက ထုပ်ပိုးမှုအားနည်းလို့ ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးတွေအားလုံးလည်း ရှစ်ဦးစလုံးကလည်း ဆွေးနွေးသွားပါတယ်။ ထုပ်ပိုးမှုဟာ အင်မတန်အားနည်းတယ်။ ဒီထုပ်ပိုးမှုကို ပြင်လိုက်မှသာလျှင် ကျွန်တော်တို့က ပြည့်ဝတဲ့ အရည်အသွေးတွေကို ထိန်းသိမ်းနိုင်မယ်။ တောင်သူတွေသုံးရတာအဆင်ပြေလာမယ်။ ဖြန့်ဖြူးတဲ့အခါ မှာလည်း အခုချိန်မှာတော့ ထုပ်ပိုးမှုညံ့တော့၊ အားနည်းတော့ အခဲတွေဖြစ်နေတယ်။ အဆင်မပြေဘူး ဖြစ်နေတော့ ဘယ်သူကဝယ်မှာလဲ။ တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူတွေက အလကားပေးရင်တော့ ယူချင်ယူမှာပေါ့။ စက်ရုံကစေတနာနဲ့ထုတ်တာက ဝန်ကြီးဌာနက ထုတ်လိုက်တာက တောင်သူတွေ အတွက် ဈေးနှုန်းနည်းနည်းနဲ့ အဆင်ပြေချောမွေ့စွာအသုံးပြုနိုင်ဖို့ဆိုပြီး စေတနာနဲ့ထုတ်လိုက်တာ။ ထုပ်ပိုးမှုက ညံ့နေတော့ တောင်သူတွေက သုံးလို့အဆင်မပြေဘူး။ အဆင်မပြေတော့ ဈေးနှုန်းက ဘယ်လောက်လျှော့လျှော့ နိုင်ငံတော်ကလည်း ရှုံးနေတယ်။ တောင်သူတွေလည်း အဆင်မပြေဘူး။ ဒီကြားထဲမှာ ဘယ်သူတွေက အဆင်ပြေနေတုန်းဆိုတော့ ပိုက်ဆံရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပုလဲ ဓာတ်မြေသြဇာကို အသုံးပြုပြီးတော့ စီးပွားရှာတဲ့လုပ်ငန်းရှင်တွေအချို့က အဆင်ပြေနေတယ်။ ကျွန်တော် တို့တောင်သူတွေက ဝယ်ရင်အကြွေးပဲဝယ်ရတယ်။ အရည်အသွေးပြည့်ဝတဲ့ ပြည်ပကထုတ် တဲ့ ဓာတ်မြေသြဇာတွေကိုကျတော့ ကျွန်တော်တို့အကြွေးမဝယ်ပါဘူး။ လက်ငင်းပေးဝယ်တာပါ။ ဒါကြောင့် ကျွန်တော်တို့ ပြည်တွင်းကထုတ်တဲ့ ဓာတ်မြေသြဇာတွေကို အဲဒီလိုစနစ်တကျထုပ်ပိုးပြီးတော့ သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ နိုင်ငံတော်က အရှုံးခံပြီးရောင်းပါလို့ ကျွန်တော်က ပြောတာမဟုတ်ပါဘူး။ နိုင်ငံတော်ကလည်း မရှုံးအောင်သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့တောင်သူတွေလည်း အဆင်ပြေအောင် အစိုးရကထားတဲ့စေတနာတွေ တကယ်တောင်သူတွေအပေါ်ကို ကျရောက်လာအောင်၊ တောင်သူတွေ သုံးခွင့်ရအောင်၊ ခံစားခွင့်ရအောင်လို့ စနစ်တကျ ထုတ်ပိုးပြီးတော့ သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ တောင်သူတွေလက်ထဲကို ပို့ပေးပါဆိုပြီးတော့ ကျွန်တော်ကအဆိုတင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနကလည်း ပြန်လည်ထုတ်ပိုးဖို့လိုအပ်ကြောင်းလည်း သိနေတယ်။ နောက်တစ်ချက်က

ထားတဲ့နေရာမှာအခက်အခဲတွေ ရှိနေတယ်လို့ ပြောပါတယ်။ ထုပ်ပိုးမှုအားနည်းတော့ မဝယ်တော့ဘူး။ ဝယ်တဲ့သူမရှိတော့ထားဖို့အတွက် ဂိုဒေါင်ကအခက်အခဲရှိနေပြီ။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောချင်တာက ထုပ်ပိုးမှုလေးသာ ဝန်ကြီးဌာနကပြောသလို အမြန်ဆုံးပြင်ဖို့အတွက် ဆောင်ရွက်မယ်လို့ ပြောထားတာတွေ့ရပါတယ်။ ဒါကြောင့် ဒီထုပ်ပိုးမှုလေးသာ စနစ်တကျ အမြန်ဆုံးပြန်လည်ထုပ်ပိုးပေးပါလို့ ကျွန်တော့်အနေနဲ့ ကျေးဇူးရှင်တောင်သူလယ်သမား ဦးကြီးများရဲ့ကိုယ်စား မေတ္တာရပ်ခံတောင်းဆိုအပ်ပါတယ်။ ဒါကိုပြင်လိုက်လို့ရှိရင် နောက်က ကျွန်တော်တို့ ဈေးနှုန်းအပိုင်းရော၊ ဖြန့်ဖြူးဖို့အပိုင်းရောအားလုံး နိုင်ငံတော်နှင့်နိုင်ငံတော်မှာရှိတဲ့ တောင်သူလယ်သမားတွေအားလုံးအတွက် အကျိုးရှိပြေလည်သွားမှာဖြစ်တဲ့အတွက် မှတ်တမ်းတင်ပြီးတော့ ကျွန်တော်တို့ ပြည်သူကရွေးချယ်ပေးလိုက်တဲ့ လွှတ်တော်ကြီးမှ စောင့်ကြည့်ပေးပါရန် လေးစားစွာဖြင့် ပြန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ရှစ်ဦးက ဆွေးနွေးပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပြီးစောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒီနေရာမှာ ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းလိုအပ်ချက်ရဲ့ ၇ ရာခိုင်နှုန်းသာ ဓာတ်မြေသြဇာတွေ ဖြန့်ဖြူးနိုင်တယ်လို့ သိရှိရတယ်။ ဒါကြောင့်မို့လို့ ရောင်းလိုအားထက်ဝယ်လိုအားက တောင်သူလယ်သမားတွေရဲ့ ဝယ်လိုအားက အများကြီးများတယ်။ အများကြီးများတဲ့အခါကျတော့ လုံလောက်စွာမထုတ်နိုင်တော့ ၉၃ ရာခိုင်နှုန်းဖြစ်တဲ့ ပြည်ပက ဓာတ်မြေသြဇာတွေပဲ သုံးစွဲနေကြတာ တွေ့ရတယ်။ အဲဒီ ၇ ရာခိုင်နှုန်းဟာလည်း ခုနက ဝန်ကြီးဌာနက ရှင်းလင်းသွားတဲ့အထဲမှာ ငွေကြေးတတ်နိုင်တဲ့ အနီးမှာရှိတဲ့ တောင်သူတွေနဲ့ ကုန်သည်တွေကပဲ ရရှိတာလိုဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ခုနက အဆိုမှာပါတဲ့အတိုင်း တောင်သူတွေလက်ထဲကို အဆင်ပြေချောမွေ့စွာ ရောက်ဖို့လိုပါတယ်။ ဝန်ကြီးဌာနအနေနဲ့။ နောက်တစ်ခုက အရည်အသွေးပြည့်မီဖို့အတွက် ထုပ်ပိုးမှုစနစ်ကောင်းဖို့လည်း လိုတယ်။ ဒီလိုမှသာလျှင် မှောင်ခိုဈေးကွက်လည်းပျောက်မယ်။ မှောင်ခိုဈေးကွက်ပျောက်မှလည်း ခုနက တောင်သူတွေသုံးစွဲရတဲ့နေရာမှာ သင့်တင့်မျှတတဲ့ဈေးနှုန်းဖြစ်မယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်စပ်လျဉ်းပြီးတော့ ယခင်က ဓာတ်မြေသြဇာရောင်းချတဲ့စနစ်ကို ဝန်ကြီးဌာနက အသေးစိတ်ရှင်းလင်းသွားတာ တွေ့ရှိရတယ်။ ယခုဓာတ်မြေသြဇာရောင်းချတဲ့စနစ်မှာတော့

တောင်သူတွေလက်ထဲကိုသင့်တင့်မျှတတဲ့ဈေးနဲ့ အဆင်ပြေချောမွေ့စွာရောက်ရှိဖို့အတွက် ဝန်ကြီးဌာန အနေနဲ့ ကြိုးစားပြီးဆောင်ရွက်ပေးပါ။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင် စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဝင်းဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့

## (၈.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော်

## ကိုယ်စားလှယ်များနှင့် ဒုတိယဝန်ကြီး



ဦးပါထန်း
(မတူပီ မဲဆန္ဒနယ်)



ဦးကျော်ဌေး
(လေရှီး မဲဆန္ဒနယ်)



ဦးအောင်တင်လင်း
(နတ်မောက် မဲဆန္ဒနယ်)



ဦးမြင့်ဌေ
(ကျောက်ကြီး မဲဆန္ဒနယ်)



ဦးသာချို(ခ)ဦးတင်ကြိုင်
(ရေနံချောင်း မဲဆန္ဒနယ်)



ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး)
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်